# ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (1-3-2006) (၄၈၉၆)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနို၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း





ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ၁၉၄၉ခုနှစ် စက်တင်ဘာလ ၉ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ပါစီတန်မြို့၌ မွေးဖွားခဲ့ပါသည်။ ၁၉၇၃ခုနှစ်တွင် အင်ဒိုနီးရှား ခြေလျင်တပ်ဖွဲ့ဆိုင်ရာ စစ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ၁၉၈၂ခုနှစ်မှ ၁၉၈၃ခုနှစ်အထိ အမေရိကန်နိုင်ငံတွင် ခြေလျင်တပ်ဖွဲ့အရာရှိများ၏ အဆင့်မြင့်သင်တန်းသို့ တက်ရောက်ခဲ့ပါသည်။ ၎င်းသည် ၁၉၈၈ခုနှစ်မှ ၁၉၈၉ခုနှစ်အထိ ခြေလျင်တပ်ဖွဲ့ဆိုင်ရာ အုပ်ချုပ်မှုသင်တန်းကျောင်းသို့ တက်ရောက်ခဲ့ပြီး ၁၉၉၀ပြည့်နှစ်မှ ၁၉၉၁ခုနှစ်အထိ အမေရိကန်နိုင်ငံရှိ စစ်ဦးစီးတက္ကသိုလ်သို့တက်ရောက်ခဲ့ပါသည်။ ၁၉၉၀ပြည့်နှစ်မှ ၁၉၉၁ခုနှစ်အထိမှာပင် ၎င်းသည် အမေရိကန်နိုင်ငံရှိ ဝက်ဘ်စတာတက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်း တက်ရောက်၍ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကို ဆည်းပူးရယူခဲ့ပါသည်။ ထို့နောက် ၂၀၀၁ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ၎င်းသည် အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၊ ဘိုဂေါမြို့ရှိ ဘိုဂေါစိုက်ပျိုးရေးသိပ္ပံတွင် ဘွဲ့လွန်သင်တန်းတက်ရောက်၍ စိုက်ပျိုးရေး ဘောဂဗေဒဘာသာဖြင့် ဒေါက်တာဘွဲ့ ရရှိသည်အထိ တက်ရောက်လေ့လာ ဆည်းပူးခဲ့ပါသည်။

ဒေါက်တာဆူဆီလိုသည် ၁၉၇၃ခုနှစ်တွင် ဒုတိယဗိုလ်အဖြစ် တပ်မတော်၌ခန့်အပ်ခြင်းခံရပြီးသည့်နောက် ၂၇နှစ်တာကြာမျှ တပ်ဘက်နှင့် အရပ်ဘက်အစိုးရဆိုင်ရာအဖွဲ့အစည်းများတွင် ရာထူးတာဝန် အဆင့်ဆင့်ကိုထမ်းဆောင်ခဲ့ပြီး သင်တန်းကိစ္စဖြင့်လည်းကောင်း၊ ချစ်ကြည်ရေး၊ အလည်အပတ်ခရီးအဖြစ်လည်းကောင်း၊ ခေတ္တတာဝန်ထမ်းဆောင်ရန်အတွက်လည်းကောင်း **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✪

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူကုန်ကူးခြင်းကိုတိုက်ဖျက်သည့် ကုလသမဂ္ဂအစီအစဉ် (UNIAP) တို့ ပူးပေါင်းကျင်းပသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# လူ့အသိုင်းအဝိုင်းကလက်မခံသည့် လူကုန်ကူးမှုပြဿနာကို တိုက်ဖျက်ရာတွင် ဌာနပေါင်းစုံပါဝင်မှ အောင်မြင်မည် ဥပဒေရေးဆွဲသည့် ကာလတစ်လျှောက်လုံး ပြည်တွင်းပညာရှင်များသာမက ပြည်ပပညာရှင်များပါ ပါဝင်ကူညီခဲ့ မိမိတို့၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေသည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ဥပဒေဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂအစီအစဉ် (UNIAP)တို့ ပူးပေါင်းကျင်းပသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ အမျိုးသားအဆင့် နီးနှောဖလှယ်ပွဲ (National Seminar on the Anti-Trafficking in Persons Law) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၁-၃-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

# အသက်ရှည် ကျန်းမာကြံ့ခိုင်ရေး အလေးထား

## ပတ်ဝန်းကျင်သန့်ရှင်းရေး ပြည်သူတိုင်း ပါဝင်ဆောင်ရွက်

လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံ အကျဆုံး လိုအပ်ချက်မှာ ကျန်းမာရေးပင်ဖြစ်သည်။ ကျန်းမာခြင်းသည် ဉာဏ်ရည် မြင့်မားရေးကို အထောက်အကူပြုရာ လူတိုင်းလူတိုင်းက အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် ကျန်းမာကြံ့ခိုင်ရေးကို အလေးထားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်သူများ သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးတို့အတွက် အမျိုးသား ကျန်းမာရေး စီမံကိန်းများကို ကျယ်ကျယ်ပြန့်ပြန့် ချမှတ်အကောင်အထည် ဖော် လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က နယ်စပ်အစွန်အဖျား ဒေသများပါမကျန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများ အဆင့်မြှင့်တင် ပေးခြင်းအပါအဝင် အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆရာဝန်၊ ဆရာမ၊ သူနာပြုများ တိုးမြှင့်ခန့်ထားခြင်းတို့ဖြင့် ပြည်သူ့ ကျန်းမာရေး အဆင့်မြှင့်တင်မှုလုပ်ငန်းများကို လွှမ်းခြုံဖြည့်ဆည်းပေး လျက်ရှိသည်။

ထို့မျှမက ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုအဆင့်အထိ ကျန်းမာရေးကော်မတီ အဆင့်ဆင့်ကို စနစ်တကျ ဖွဲ့စည်းပြီး ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း များကို ဖော်ဆောင်ပေးနေသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အကောင် အထည်ဖော်ရာတွင် ကုသမှုအပြင် ရောဂါကြိုတင် ကာကွယ်ရေး အတွက် အဓိကထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူတိုင်း ကျန်းမာခြင်း သုခပြည့်စုံစွာရရှိစေရေး ဖန်တီးဖော်ဆောင်ရာတွင် ကျန်းမာရေးဌာန တစ်ခုတည်း သာမက ပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက် သွားကြရန် လိုအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေ အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် နဝမနှစ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၇ရက်နေ့က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီ ဉက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက် ၍ အမှာစကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် စပ်လျဉ်း၍ **လုပ်ငန်းနှီးနွှယ်ဆက်စပ်လျက်ရှိသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေး ဦးစီးဌာနတို့မှ ဈေးအိမ်သာများသန့်ရှင်းရေး၊ အမှိုက်သရိုက်များ စနစ်တကျ စွန့်ပစ်ရေး တို့ကို ယခင်ကထက် ပိုမိုမြှင့်တင် ဆောင်ရွက်ကြရန်နှင့် အခြေခံပညာ ကျောင်းများတွင်လည်း ယင်လုံအိမ်သာ ရာနှုန်းပြည့်ဆောက်လုပ် သုံးစွဲရေး၊ ရေကောင်းရေသန့်ရရှိရေးတို့အတွက် တွန်းအားပေး ဆောင်ရွက်သွားရန်** တိုက်တွန်းမှာကြားသွားသည်။

မြန်မာနိုင်ငံတွင် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်များကို ၁၉၉၈ ခုနှစ်မှစတင်၍ နှစ်စဉ် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် နဝမအကြိမ်အထိ ရောက်ရှိလာပြီဖြစ်သည်။ ယင်းသို့ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်လာခဲ့ရာ မသန့်ရှင်းသောရေနှင့် ပတ်ဝန်းကျင်တို့မှ တစ်ဆင့် ကူးစက်တတ်သည့် ရောဂါများဖြစ်ပွားမှု သိသိသာသာ လျော့နည်းကျဆင်းသွားကြောင်း သိရသည်။

ကျန်းမာရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင် သည့်အတွက် ပြည်သူများ ကိုယ်တိုင်ကလည်း ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြရမည်ဖြစ်သည်။ အထူးသဖြင့် အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရေကောင်းရေသန့် ရရှိသုံးစွဲရေးတို့တွင် စနစ်တကျ ပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူတစ်ရပ်လုံး၏ အသက်ရှည် ကျန်းမာကြံ့ခိုင်ရေးကို အလေးထား၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်နှင့် အညီ ပြည်သူအားလုံးတို့ကလည်း အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများတွင် အစဉ်တစိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# (၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊



# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံမှ ဧည့်အဖွဲ့ တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူ သမ္မတနိုင်ငံ NTEGRATOR Pte Ltd မှ Managing Director Mr. Jimmy Chang နှင့် Deputy General Manager Mr. Jason Leong တို့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

**တွေ့ဆုံ**

**ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူ သမ္မတနိုင်ငံ NTEGRATOR Pte Ltd မှ Managing Director Mr.Jimmy Chang နှင့် Deputy General Manager Mr. Jason Leong တို့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)



**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တော ဦးစီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း နှစ်(၁၀၀)ပြည့် သစ်တောကျောင်းဆင်း ပွဲတွင် ထူးချွန်ဆုရ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။** (သစ်တောရေးရာ)

# မြန်မာနိုင်ငံ သစ်တောကျောင်း

## နှစ်(၁၀၀)ပြည့် ကျောင်းဆင်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တော ကျောင်း နှစ်(၁၀၀)ပြည့် သစ်တောကျောင်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ သစ်တောကျောင်း၌ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြင်ဦးလွင်တပ်နယ်မှူး စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ညီညီထွန်းနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သစ်တောဦးစီးဌာနမှ အငြိမ်းစား အရာရှိကြီးများ၊ ကျောင်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုမှုခံယူပြီး ထူးချွန်ဆုရ ကျောင်းသား များအား ဆုချီးမြှင့်သည်။ ထို့နောက် ဝန်ကြီးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ သစ်တောကျောင်း နှစ်(၁၀၀)ပြည့် ကျောင်းဆင်း အောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက် အမှာစကား ပြောကြားပြီး ဘာသာရပ်အလိုက် ဆုရရှိသူများကို ဌာနဆိုင်ရာအကြီးအကဲများက ဆုများပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဗဟိုအဖွဲ့ လုပ်ငန်းအဖွဲ့များနှင့် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ၁၁-၂-၂၀၀၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၀၆ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဒုတိယရှေ့နေချုပ် ဦးဆောင်သော ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ စသည့် လုပ်ငန်းအဖွဲ့(၃)ဖွဲ့တို့ကို ၂၇-၂-၂၀၀၆ ရက်စွဲဖြင့် အမိန့်ထုတ်ပြန်ဖွဲ့စည်းခဲ့သည်။

အလားတူ ပြည်နယ်နှင့် တိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊ ခရိုင်အဆင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ စသည့် အဆင့်ဆင့်သောအဖွဲ့များကိုလည်း ၂၇-၂-၂၀၀၆ ရက်တွင်ပင် ဖွဲ့စည်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အထက်ပါအတိုင်း ဗဟိုမှစ၍ မြို့နယ်အထိ အဆင့်ဆင့်သောအဖွဲ့များ ဖွဲ့စည်းခြင်းဖြစ်သည်။ (သတင်းစဉ်)

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
အစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာ**

**အမှတ် ၂/၂၀၀၆**

ရန်ကုန်မြို့၊ ၁၃၆၇ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက်
(၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက်)

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယင်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ **"လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့"**ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

(၁) ဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန
(၂) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန
(၃) ဒုတိယရှေ့နေချုပ် — ဒုတိယဥက္ကဋ္ဌ
ရှေ့နေချုပ်ရုံး
(၄) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
(၅) ဒုတိယတရားသူကြီးချုပ် — အဖွဲ့ဝင်
တရားရုံးချုပ်
(၆) ဒုတိယစာရင်းစစ်ချုပ် — အဖွဲ့ဝင်
စာရင်းစစ်ချုပ်ရုံး
(၇) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန
(၈) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
(၉) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန
(၁၀) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန
(၁၁) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန
(၁၂) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
(၁၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန
(၁၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
(၁၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန
(၁၆) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
(၁၇) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(၁၈) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(၁၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(၂၀) ဌာနချုပ်မှူး — အဖွဲ့ဝင်
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)
(၂၁) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်
(၂၂) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံ
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)
(၂၃) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း
(၂၄) ရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံ ရဲတပ်ဖွဲ့
(၂၅) ရဲဦးစီးအရာရှိချုပ် — တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

အမိန့်အရ

**(ဗိုလ်မှူးကြီးသန့်ရှင်း)**
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

**အမိန့်အမှတ် ၁/၂၀၀၆**

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း(၁)ရက်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၇ အရ **"လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ယင်းဥပဒေပုဒ်မ ၈ ပါ လုပ်ငန်းတာဝန်များကို အပ်နှင်းလိုက်သည်-

၁။ ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ
၂။ ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ — ဒုတိယဥက္ကဋ္ဌ
၃။ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဒုတိယဥက္ကဋ္ဌ
၄။ ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် — အဖွဲ့ဝင်
၅။ ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး — ״
၆။ ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန — ״
၇။ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန — ״
၈။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — ״
၉။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန — ״
၁၀။ ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန — ״
၁၁။ ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန — ״
၁၂။ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန — ״
၁၃။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — ״
၁၄။ ညွှန်ကြားရေးမှူးချုပ်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — ״
၁၅။ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား — ״
၁၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ — ״
၁၇။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထား — ״
၁၈။ တပ်မတော်(ရေ)မှ ကိုယ်စားလှယ်တစ်ဦး — ״
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း — ״
၂၀။ ဌာနချုပ်မှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) — ״
၂၁။ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် — ״
၂၂။ အတွင်းရေးမှူး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) — ״
၂၃။ ရဲဦးစီးအရာရှိချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် — အတွင်းရေးမှူး
၂၄။ ဌာနမှူး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ — တွဲဖက်အတွင်းရေးမှူး

**ဥက္ကဋ္ဌ**
**(ဗိုလ်ချုပ်မောင်ဦး)**

## ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

**အမိန့်အမှတ် ၂/၂၀၀၆**

ရန်ကုန်မြို့၊ ၁၃၆၇ခုနှစ်၊ တပေါင်းလဆန်း ၁ရက်
(၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

**ဥပဒေရေးရာနှင့်တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ(၇)အရ **"ဥပဒေရေးရာနှင့်တရားစွဲ ဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း၍ ယင်းဥပဒေပုဒ်မ(၉)ပါ လုပ်ငန်းတာဝန်များကို အပ်နှင်းလိုက်သည်-

၁။ ဒုတိယရှေ့နေချုပ်၊ ရှေ့နေချုပ်ရုံး — ဥက္ကဋ္ဌ
၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး — အဖွဲ့ဝင်
၃။ ညွှန်ကြားရေးမှူး(ပြစ်မှု)၊ ရှေ့နေချုပ်ရုံး — ״
၄။ ဒုတိယညွှန်ကြားရေးမှူး၊ တရားစွဲနှင့်အမှုလိုက်ဌာန၊ ရှေ့နေချုပ်ရုံး — ״
၅။ တရားရုံးချုပ်မှကိုယ်စားလှယ်တစ်ဦး — ״
၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး — ״
၇။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — ״
၈။ လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — ״
၉။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — ״
၁၀။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — ״
၁၁။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — ״
၁၂။ ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — ״
၁၃။ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — ״
၁၄။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ကိုယ်စားလှယ်တစ်ဦး — ״
၁၅။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး — ״
၁၆။ ညွှန်ကြားရေးမှူး၊ တရားစွဲနှင့်အမှုလိုက်ဌာန၊ ရှေ့နေချုပ်ရုံး — အတွင်းရေးမှူး
၁၇။ ဒုတိယညွှန်ကြားရေးမှူး၊ တရားစွဲနှင့်အမှုလိုက်ဌာန၊ ရှေ့နေချုပ်ရုံး — တွဲဖက်အတွင်းရေးမှူး

**ဥက္ကဋ္ဌ**
**(ဗိုလ်ချုပ်မောင်ဦး)**



**အမက(၂၂) တာမွေ၏ ၂၀၀၅/၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောင်သီရိခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ သူငယ်တန်းမှ ပထမဆုရသူ မသင်းနွယ်ဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဆုချီးမြှင့်စဉ်။** (ပညာရေး)

# မောရစ်သျှ၌ ခြင်ကြောင့်ဖြစ်သော အဖျားရောဂါတစ်မျိုးဖြစ်ပွားလျက်ရှိ

ပို့လူးဝစ် ဖေဖော်ဝါရီ ၂၇

**မောရစ်သျှနိုင်ငံတွင် ခြင်ကြောင့်ဖြစ်ပွားသည့်ရောဂါတစ်မျိုး ကူးစက်ခံရသူဦးရေမှာ ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ၃၄၁ ဦးရှိရာမှ ယခုအခါ ၉၆၂ ဦးအထိ မြင့်တက်လာကြောင်း အစိုးရက ကြေညာသည်။**

ချီကွန်ဂူညာ (Chikungunya) အဖျားရောဂါဟုခေါ်သည့် ယင်းရောဂါအတွက် ပျောက်ကင်းသည့် ဆေးဝါးနှင့် ကြိုတင်ကာကွယ်ဆေးမရှိသေးကြောင်း၊ အာဖရိကတိုက်၏ အရှေ့တောင် ကမ်းရိုးတန်းအလွန်ရှိ ကျွန်းများတွင် ဇန်နဝါရီလမှစ၍ ပျံ့နှံ့ဖြစ်ပွားလျက်ရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ရောဂါကို တန်ဇန်နီးယားနိုင်ငံတွင် ပထမဦးဆုံး တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရောဂါလက္ခဏာမှာ အပြင်းဖျားခြင်းနှင့် အရေပြားပေါ်တွင် အဖုအပိမ့် အနီကွက်များထွက်ခြင်းဖြစ်သည်။ ယင်းရောဂါမှာ သေစေ နိုင်သော ရောဂါမဟုတ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။ သို့သော် ကိုယ်ခံအားကို ကျဆင်းစေပြီး သေစေနိုင်သည့် အခြားရောဂါများ ဝင်ရောက်လာနိုင်ကြောင်း ကျန်းမာရေးဌာနမှ ကျွမ်းကျင်သူများက ပြောကြားသည်။

မကြာသေးမီလများက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရောဂါပြန့်ပွားရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ယူဆကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းဒေသတွင် လမ်းဘေးဗုံးဖောက်ခွဲမှုခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး တနင်္ဂနွေနေ့တွင် သေဆုံးခဲ့ပြီး တတိယမြောက်တပ်ဖွဲ့ဝင် တစ်ဦးမှာ ဘဂ္ဂဒက်မြို့တော်တွင် ပစ်သတ်ခံခဲ့ရသည်။

**၂၂၉၁ ဦး**

အမေရိကန်တပ်ဖွဲ့ဝင်များ ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ဖော်ပြပါ သေဆုံးသူနှင့်ဆိုပါက ၂၂၉၁ ဦးထက်မနည်း ရှိသွားပြီဖြစ်သည်။

**သေဆုံး**

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး ရုတ်ခြည်းသေဆုံးခဲ့ပြီး ဒုတိယမြောက် တပ်ဖွဲ့ဝင်သည် စစ်ဆေးရုံသို့ ရွှေ့ပြောင်းခဲ့ပြီးနောက် ရရှိခဲ့သည့်ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

သီးခြားဖြစ်ရပ်တစ်ခုအဖြစ် ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် တနင်္ဂနွေနေ့ညနေက သေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်က သီးခြားထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ရိုက်တာ။***



**အီရန်နိုင်ငံ ဘူရှာဒေသ၌ တည်ဆောက်လျက်ရှိသည့် အနုမြူဓာတ်အားပေးစက်ရုံကို ဖေဖော်ဝါရီ ၂၆ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# အီရန်၌ နျူကလီးယားဓာတ်အားပေးစက်ရုံ အပြီးတည်ဆောက်ရန် ရုရှားက လိုလားလျက်ရှိ

မော်စကို ဖေဖော်ဝါရီ ၂၇

**အီရန်နိုင်ငံတွင် နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ခုကို အပြီးတည်ဆောက်ရန် ရုရှားနိုင်ငံက လိုလားလျက်ရှိသည်ဟု ရုရှားနျူကလီးယားထိပ်တန်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို အီတာ-တပ်စ်သတင်းဌာနက ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။**

အီရန်နိုင်ငံ ဘူရှာဒေသ၌ အရပ်ဘက်သုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို အမြန်ဆုံး ဖွင့်လှစ်နိုင်ရန် မိမိတို့လိုလားကြောင်း အီရန်နိုင်ငံ တီဟီရန်မြို့သို့ ရောက်ရှိစဉ် ရုရှားရှိဆာသမ် အဏုမြူစွမ်းအင် အေဂျင်စီအဖွဲ့ခေါင်းဆောင် ဘာဂျီကီရီရန်ကိုက ပြောကြားခဲ့သည်။

ဘူရှာဒေသ၌ အဆိုပါစက်ရုံကို အပြီးသတ် တည်ဆောက်ရန် ၎င်းတို့လိုလားကြောင်း၊ ထိုစက်ရုံတည်ဆောက်ရာတွင် မည်သည့်နိုင်ငံရေး အတားအဆီးများရှိမည် မဟုတ်ကြောင်း ကီရီယန်ကိုက အီတာ-တပ်စ်သတင်းဌာနသို့ ပြောဆိုခဲ့သည်။

နျူကလီးယား ဓာတ်အားပေးစက်ရုံအတွက် ယူရေနီယံသန့်စင်စက်ရုံတစ်ခုကို ရုရှားမြေပေါ်၌ တည်ဆောက်ရန် ရုရှားနိုင်ငံက အီရန်နိုင်ငံကို ကမ်းလှမ်းထားသည်။

ဘူရှာဒေသတွင် ရုရှားနိုင်ငံက နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းကိုအမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ရန်ရှာခဲ့ကြသည်။

***အမ်အင်အေ၊ရိုက်တာ။***



**အမေရိကန်နိုင်ငံ နယူးယောက်မြို့ မင်ဟက်တန်ရပ်တွင် ၂၄နာရီအတွင်း နှင်းများ ၁၂လက်မအထိ ကျခဲ့သဖြင့် စက်ဖြင့် ရှင်းလင်းနေရသည်ကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

**နိုင်ဂျီးရီးယားနိုင်ငံ ဂျေဂျီမြို့ရှိ မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်ရောဂါ တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၂၇ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)






# ကမ္ဘာတစ်ဝန်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားနေပြီဟု အိုအိုင်အီးက သတိပေးပြောကြား

ပါရီ ဖေဖော်ဝါရီ ၂၇

ကြက်ငှက်တုပ်ကွေးရောဂါသည် ယခုအခါ ကမ္ဘာတစ်ဝန်းရှိ မည်သည့်နေရာ၌မဆို ကူးစက်ပြန့်ပွားနိုင်သည့်အခြေအနေရှိနေကြောင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(အိုအိုင်အီး)မှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဘားနက်ဗာလက်က သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါကြက်ငှက်တုပ်ကွေးရောဂါသည် ယခုအချိန်တွင် ကမ္ဘာတစ်ဝန်းသို့ ကူးစက်ပြန့်ပွားနေပြီဖြစ်သည်ဟု လီမွန်ဒေးအမည်ရှိ ပြင်သစ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းရာတွင် ၎င်းက ပြောကြားသည်။

**ထူးထူးခြားခြားပြောင်းလဲ**

အဆိုပါရောဂါသည် ကူးစက်တတ်သည့် ရောဂါမှတစ်ဆင့် တစ်ကမ္ဘာလုံး ကူးစက်သည့်ရောဂါအဆင့်သို့ ထူးထူးခြားခြားပြောင်းလဲမှုမြန်ဆန်နေပုံကို မိမိတို့ မြင်တွေ့နေသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည့်နိုင်ငံများမှ ရေကြက်များရောက်လာခြင်းမရှိ၍ စိုးရိမ်မှုမရှိသေးသည့် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှလွဲ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် ယင်းရောဂါ၏ဒဏ်ကို တိုက်ရိုက်ခံစားနေရပြီဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**အတည်ပြုပြောကြား**

အိပ်ချ်-၅ အင်-၁ အမည်ရှိ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးကို ပြင်သစ်နိုင်ငံ အရှေ့တောင် ပိုင်း အိန်ဒေသရှိ ကြက်ဆင်မွေးမြူရေးခြံမှ ကြက်ဆင် ၁၁၀၀၀ ကျော်တို့တွင် တွေ့ရှိရကြောင်း ပြင်သစ်အစိုးရက အတည်ပြုပြောကြားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ရေပြင်နှင့် ဝေဟင်တွင် သွားလာနိုင်မည့် ထောက်လှမ်းရေးလေယာဉ်၏ စိတ်ကူးရုပ်ပုံကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



# စပိန်၌ ကိုကင်းသုံးတန် သိမ်းဆည်းရမိ

**မဒရစ် ဖေဖော်ဝါရီ ၂၇**

စပိန်နိုင်ငံ ရဲတပ်ဖွဲ့သည် ကနေရီကျွန်းနှင့် အာဖရိကတိုက်အကြားတွင် သင်္ဘောတစ်စင်းပေါ်မှ ကိုကင်း သုံးတန်ကို စနေနေ့က သိမ်းဆည်းရမိလိုက်ကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။ သင်္ဘောဝန်ထမ်းများဖြစ်ကြသည့် ဂါနာနိုင်ငံသား ခြောက်ဦး၊ မက္ကဆီကိုနိုင်ငံသားတစ်ဦးနှင့် ယူကရိန်းနိုင်ငံသားတစ်ဦးတို့ကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။ ၎င်းအပြင် ကိုလံဘီယာနိုင်ငံသားသုံးဦးကိုလည်း ထိန်းသိမ်းထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

**✪ ရှေ့ဖုံးမှ**

အမေရိကန်၊ ရုရှား၊ ဂျာမနီ၊ ယူကေ၊ ပနားမား၊ ဘယ်လ်ဂျီယံနှင့် ဩစတြေးလျအပါအဝင် နိုင်ငံပေါင်း ၂၈နိုင်ငံသို့ လှည့်လည်သွားရောက်ခဲ့ပါသည်။ ၎င်းသည် ခြေလျင်တပ်ရင်း၏ တပ်ရင်းမှူးအဖြစ်လည်းကောင်း၊ စစ်ဦးစီးအရာရှိအဖြစ်လည်းကောင်း၊ နယ်မြေတာဝန်ခံတိုင်းမှူးအဖြစ်လည်းကောင်း၊ လေ့ကျင့်ရေးအရာရှိနှင့် ကထိကအဖြစ်လည်းကောင်း၊ စစ်ဆင်ရေးဗန်များ၊ အခြေပြုစခန်းများနှင့် ပင်လယ်ရပ်ခြားရှိ စစ်စခန်းများ စသည်တို့တွင် တာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ဒေါက်တာဆူဆီလိုသည် ၂၀၀၀ပြည့်နှစ်တွင် အင်ဒိုနီးရှား ကာကွယ်ရေးတပ်မတော်(တီ-အင်န်-အိုင်)တွင် ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ခြင်းခံခဲ့ရပါသည်။

ထို့အပြင် ၎င်းသည် အမျိုးသားညီညွတ်ရေးဝန်ကြီးအဖွဲ့တွင် သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ နိုင်ငံရေး၊လူမှုရေးနှင့်လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ယူခဲ့ပြီး ဂိုတောင်ရိုရောင်းဝန်ကြီးအဖွဲ့တွင် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဝန်ကြီးအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

ဒေါက်တာဆူဆီလိုသည် ၂၀၀၄ခုနှစ်က ကျင်းပခဲ့သည့် နိုင်ငံ၏ ပထမဦးဆုံး အကြိမ် တိုက်ရိုက်သမ္မတရွေးချယ်တင်မြှောက်ပွဲတွင် ၂၀၀၄ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ကာလအတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

ဒေါက်တာဆူဆီလိုသည် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့်အိမ်ထောင်ပြုခဲ့ပြီး သားသမီးနှစ်ဦးရှိပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ရက်စွဲ ၂၀၀၆ ခုနှစ်၊ မတ်လ ၁ ရက်။**

# တရားဥပဒေစိုးမိုးရေး မဖော်ဆောင်နိုင်ဘဲ ဒီမိုကရေစီမရှင်သန်နိုင် အမျိုးသားရေးဂုဏ်ရည်ကင်းမဲ့သည့် နိုင်ငံရေးသည် နိုင်ငံကိုအကျိုးပြုမည်မဟုတ်

## နီပေါဘုရင်က ၎င်း၏ ပြည်သူများထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၈

**နီပေါနိုင်ငံဘုရင် ဂျန်ဒရာဘီရာဘီကရမ်ရှာဒေ့ဗ်က ၁၉-၂-၂၀၀၆ ရက်နေ့တွင် ၎င်း၏ ပြည်သူများထံ သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့သည်။ အဆိုပါသဝဏ်လွှာကို အောက်ပါအတိုင်း ကောက်နုတ်၍ ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်-**

ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရရှိရေးသည် လူတိုင်းလိုလား တောင့်တကြသော အရာဖြစ်သည်။ သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီကို ယုံကြည်သက်ဝင်သူအားလုံး ညီညွတ်ရေးရရှိနိုင်ရန် နီပေါနိုင်ငံအနေဖြင့် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖော်ဆောင်နိုင်မှု အခြေအနေများ နောက်တစ်ကြိမ် ပျက်ပြားသွားရသည့်အဖြစ်မျိုး မကျရောက်စေရန် ညီညွတ်မှုကိုမဖြစ်မနေ အမြန်ဆုံးတည်ဆောက်သွားရန် လိုအပ်လျက်ရှိသည်။

နီပေါပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် နိုင်ငံ၏ အခြေခံဥပဒေမယိုင်မလဲ ခိုင်မြဲ စေရန် ကျွန်ုပ်တို့အနေဖြင့် ကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိပေသည်။ အခြေခံဥပဒေသည် တရားဥပဒေစိုးမိုးနိုင်ရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်ပေသည်။ တရားဥပဒေစိုးမိုးရေးကို မဖော်ဆောင်နိုင်ဘဲ ဒီမိုကရေစီရှင်သန်ရေး ဖြစ်ထွန်းနိုင်မည်မဟုတ်သည်ကို သတိချပ်သင့်လှသည်။

ကိုယ်ကျင့်သိက္ခာမရှိသည့်၊ အမျိုးသားရေးဂုဏ်ရည် ကင်းမဲ့သည့် နိုင်ငံရေးမျိုးသည် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုမည်မဟုတ်သည်ကို နီပေါနိုင်ငံပြည်သူများကကောင်းစွာသိမြင် သဘောပေါက်ထားကြပြီးဖြစ်သည်။ ဖော်ပြပါအားနည်းချက် များပါရှိနေသော နိုင်ငံရေးမျိုးသည် ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည် မဟုတ်သကဲ့သို့ နီပေါနိုင်ငံ ရင်ဆိုင်နေရသော အခက်အခဲ၊ စိန်ခေါ်မှုများကိုလည်း ကျော်လွှားနိုင်မည်မဟုတ်ပေ။

လက်ရှိ ကျင့်သုံးနေသော နီပေါနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည်ရှင်းလင်းမှုရှိပြီး တည်ငြိမ်မှုလည်း ရှိပေသည်။ လျင်မြန်စွာ ပြောင်းလဲဖြစ်ထွန်းနေသော မျက်မှောက်ကမ္ဘာကြီးတွင် နီပေါနိုင်ငံ၏ အကျိုးစီးပွားကို အကောင်းဆုံးဖြစ်ထွန်းစေမည့်အပြင် အထိရောက်ဆုံးကာကွယ်စောင့်ရှောက်မှုပေးနိုင်သည့် ရေးရှုချက်များအပေါ် မူတည်ကာ ကျွန်ုပ်တို့၏ နိုင်ငံခြားရေးမူဝါဒနှင့် ဆက်ဆံမှုများကို ဆောင်ရွက်လျက်ရှိသည်။ ဤသို့အားဖြင့် နိုင်ငံတကာမျက်နှာစာတွင် နီပေါနိုင်ငံ၏ ဂုဏ်သိက္ခာကို ဖော်ဆောင်လျက်ရှိပေသည်။

နီပေါနိုင်ငံသည် နိုင်ငံအားလုံးနှင့် မိတ်ဆွေအဖြစ် ဆက်ဆံရန်ဆန္ဒရှိပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စများ၌ လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ မိတ်ဆွေနိုင်ငံများအပေါ် ရန်သတ္တုရုပြုသော အင်အားများ နီပေါပိုင်နက်နယ်မြေကို အသုံးမပြုရေးအတွက်လည်း အစဉ်သတိရှိစွာ ကာကွယ်တားဆီးသွားမည်။ အိမ်နီးချင်း နိုင်ငံများနှင့်လည်း အစဉ်သဖြင့် ချစ်ကြည်ရင်းနှီးစွာ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားများကို ဆောင်ကြဉ်းသယ်ပိုးသွားမည်။ ထိုမူဝါဒသည် မပြောင်းမလဲ တည်ရှိနေမည့် မူဝါဒဖြစ်သည်။ နီပေါသည် အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံဖြစ်သော တရုတ်နှင့် အိန္ဒိယတို့အကြား စီးပွားရေးဆောင်ရွက်ရာတွင် ကြားခံသဖွယ်ရပ်တည်ကာ ဒေသဆိုင်ရာ အကျိုးစီးပွားကိုလည်း တစ်ပါတည်း ဖော်ဆောင်သွားမည်ဖြစ်သည်။

နီပေါပြည်သူများသည် ၂၁ရာစုတွင် အေးချမ်းသာယာပြီး တိုးတက်ကြွယ်ဝသော ဒီမိုကရေစီထွန်းကားသည့် နိုင်ငံတော်အဖြစ်တွေ့မြင်ခွင့်ရရန် သန္နိဋ္ဌာန်ချမှတ်ထား သည်။ နီပေါနိုင်ငံ၏ မွန်မြတ်လှသော သမိုင်းကြောင်းကိုကြည့်လျှင် နီပေါပြည်သူများသည် နိုင်ငံတော်၏အကျိုးစီးပွားအတွက်အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်း တွေ့မြင်ရမည်ဖြစ်ပေသည်။

ဒီမိုကရေစီပြည့်ဝသော လူ့ဘောင်တစ်ရပ်ဖန်တီးရေးတွင် မျိုးချစ်စိတ်ဓာတ်သည် အဓိကအချက်ဖြစ်သည်။ မိမိတို့သည် ခါးသီးသောအတိတ်ကာလကိုမေ့ဖျောက်ကာ နိုင်ငံတော်နှင့် ပြည်သူလူထု၏အနာဂတ်ရေးဘဝ သာယာလှပအောင် ကြိုးပမ်းကြမည်ဟု သန္နိဋ္ဌာန်ချမှတ်ကြပါစို့၊လုံခြုံအေးချမ်းမှုရှိပြီး တိုးတက်ဖွံ့ဖြိုးသောနိုင်ငံတော်ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တက်ညီလက်ညီ တည်ဆောက်သွားကြပါစို့။ ။

# အင်ဒိုနီးရှားနိုင်ငံမှ ပျောက်ဆုံးနေသည့် တမ်ဘိုရာယဉ်ကျေးမှု သဲလွန်စများ သိပ္ပံပညာရှင်များက တွေ့ရှိထား

**ကြေးမုံ အင်တာနက် သတင်းများ**

နာရာဂန်ဆက် ဖေဖော်ဝါရီ ၂၆

**သိပ္ပံပညာရှင်များက အင်ဒိုနီးရှားမှ ပျောက်ဆုံးသွားခဲ့သည့် တမ်ဘိုရာယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် သဲလွန်စများတွေ့ရှိထားပြီဖြစ်သည်။ တမ်ဘိုရာယဉ်ကျေးမှုသည် ၁၈၁၅ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံတွင် အကြီးကျယ်ဆုံးသော မီးတောင်ပေါက်ကွဲမှုကြောင့် ပျောက်ကွယ်ခဲ့ရသည်။**



**အင်ဒိုနီးရှားနိုင်ငံ တမ်ဘိုရာ မီးတောင်ဒေသတွင် သုတေသနပြုလုပ်နေကြသော သိပ္ပံပညာရှင်များကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

### အင်အားပြင်းထန်

၁၈၁၅ခုနှစ် ဧပြီ၁၀ရက်က တမ်ဘိုရာမီးတောင် အကြီးအကျယ် ပေါက်ကွဲခဲ့သဖြင့် ဆမ်ဘာဝါကျွန်းမှ ကျွန်းသူကျွန်းသားများသည် မီးတောင်မှ ကျဆင်းလာသည့် ပြာ၊ ဓာတ်ငွေ့နှင့် ကျောက်တုံးများ၏ ဖုံးလွှမ်းမှုခံခဲ့ရပြီး လူပေါင်း ၈၈၀၀၀ ခန့် သေဆုံးခဲ့ရသည်။ အဆိုပါ မီးတောင် ပေါက်ကွဲမှုသည် ၁၈၈၃ ခုနှစ်က ကရာကာတိုဝါမီးတောင် ပေါက်ကွဲမှုထက် လေးဆထက်မနည်း ပိုမို အင်အားပြင်းထန်ခဲ့သည်။

### တူးဖော်

မြေအောက်တွင် ထွင်းဖောက်ကြည့်ရှုနိုင်သည့်ရေဒါ၏ အကူအညီဖြင့် အမေရိကန်နှင့် အင်ဒိုနီးရှား သုတေသီများက ဒေသခံများရှာဖွေတွေ့ရှိသည့် ကြွေနှင့်အရိုးစုများရှိရာ လျှိုမြောင် တစ်ခုအတွင်း မကြာမီက တူးဖော်ခဲ့သည်။ ၎င်းတို့က သက်ငယ်မိုးထားသည့် အိမ်အစအနများ၊ မြေအိုးများ၊ ကြေးနီနှင့် လူနှစ်ဦး၏ အရိုးစုများကို မီးတောင်ပေါက်ကွဲရာမှ ပေါ်ပေါက်ခဲ့သည့် အနည်အနှစ်လွှာအတွင်းမှ တူးဖော်ရရှိခဲ့သည်။

ယင်းမီးတောင်ပေါက်ကွဲမှုကြောင့် ဆာလ်ဖြူရစ်ဓာတ်ငွေ့ တန်ချိန်သန်း ၄၀၀ လေထုအတွင်းပျံ့နှံ့ခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် အအေးဓာတ်လွှမ်းခြုံသွားခဲ့သည်။ ပြင်သစ်နှင့် ဂျာမနီတွင် စပျစ်နှင့် ပြောင်းစိုက်ပျိုးမှု ပျက်စီးခဲ့သည်ဟု ဆိုသည်။

အင်တာနက်။

# အိမ်မွေးကြောင်နက်တစ်ကောင်က သခင်၏အသက်ကို ကယ်တင်ခဲ့

**မက္ကင်ဇီ (အမေရိကန်) ဖေဖော်ဝါရီ ၂၆**

အနက်ရောင်ရှိသည့်ကြောင်သတ္တဝါများသည် ကံမကောင်းဟု မည်သည့်အခါကမှ မိမိမတွေးထင်ခဲ့ကြောင်း ဘားနစ်မက်ဒိုဝေါက ပြောကြားသည်။ ယခုအခါတွင် ၎င်းမွေးမြူထားသည့် ဂျုံယီအမည်ရှိ ကြောင်နက်တစ်ကောင်သည် ၎င်းအတွက် ကြောင်သူရဲကောင်းတစ်ကောင်ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် သောကြာနေ့မွန်းလွဲပိုင်းတွင် ၎င်းအိပ်နေစဉ် ဂျုံယီက အိပ်ရာမှနှိုးပြီး မက်ဒိုဝေါ၏အသက်ကို ကယ်တင်ခဲ့သောကြောင့်ဖြစ်သည်။

အဆိုပါကြောင်သည် လှုပ်လှုပ်ရှားရှားဖြစ်ပြီး အိပ်ရာအနီးတွင် လျှောက်ပြေးနေသည်ကို တွေ့ရသည်ဟု အသက်(၈၇)နှစ်ရှိသူ မက်ဒိုဝေါက ပြောကြားသည်။

### မီးခိုးထွက်လာ

ထို့နောက် မက်ဒိုဝေါက မြေတိုက်ခန်းမှ မီးခိုးထွက်လာသည်ကိုမြင်တွေ့ရကြောင်း ပြောကြားသည်။

နောက်ပိုင်းတွင် အဆိုပါကြောင်နက်က တငွေ့ငွေ့လောင်ကျွမ်းနေသည့် မွေ့ရာအနီးသို့ရောက် လာပြီး ခုန်ပေါက်ပြေးလွှားနေခဲ့ရာ မီးသတ်သမားများက ကြောင်ကို မြေတိုက်ခန်းမှဆွဲထုတ်ခဲ့ကြသည်။ ယင်းအချိန်တွင် မက်ဒိုဝေါသည် မော်တော်ယာဉ်အတွင်း ရောက်ရှိနေပြီဖြစ်သည်။

### လောင်ကျွမ်း

မီးသတ်သမားများက မြေတိုက်တွင်လောင်ကျွမ်းနေသောမီးကို ငြိမ်းသတ်နိုင်ခဲ့သည်ဟု မီးသတ်ဌာနမှ အကြီးအကဲကပြောကြားပြီး လျှပ်စစ်ဆိုင်ရာ ချွတ်ယွင်းမှုကြောင့် လောင်ကျွမ်းဖွယ်ရှိသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

အင်တာနက်။



**သခင်၏အသက်ကိုကယ်တင်ပေးခဲ့သည့် ကြောင်နက် ဂျုံယီ။**
(ဓာတ်ပုံ-အင်တာနက်)

# မဟာသရဏဂုံတော်ကြီး သင်တန်းပို့ချမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ပဲခူးမြို့ ဥဿာမြို့သစ် ဘုရင့်နောင်လမ်းရှိ လူပုဂ္ဂိုလ်များဆိုင်ရာ ဗုဒ္ဓဘာသာ ပရိယတ်-ပဋိပတ် သင်တန်းကျောင်းတွင်မဟာသရဏဂုံတော်ကြီး သင်တန်းကို ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)က ဓမ္မဒါန ပို့ချမည်ဖြစ်သည်။ အဆိုပါသင်တန်းကို မတ်၂ရက်မှ ၅ရက်အထိ နံနက်၈ နာရီမှ ညနေ ၃ နာရီခွဲအတွင်း ပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၀၅၂-၂၃၁၉၉ သို့ ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)



**ဒဿနိကဗေဒဘွဲ့ရ ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၉ရက်က တက္ကသိုလ်များဓမ္မာရုံ၌ပြုလုပ်ရာ ဆရာများအား ကျောင်းသူဟောင်းတစ်ဦးက ဂါရဝပြုလက်ဆောင်ပေးအပ်စဉ်။**
(က-ပ)





**ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးရက်သတ္တပတ် အထိမ်းအမှတ် ယင်လုံအိမ်သာနှင့် သန့်လေးသန့်အကြောင်း ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က အထက(၆)အောင်ကျော်ခန်းမတွင်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာမြင့် အဖွင့်အမှာစကား ပြောကြားစဉ်။**
(မိခင်/ကလေး)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင် ဖွံ့ဖြိုးစည်ပင်

အထက်မင်းလှ ညွှန့်အောင်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်။ စိုက်ပျိုးရေးကဏ္ဍကိုလည်း လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းပြီး နိုင်ငံတော်၏ စီးပွားရေးဘ၀ကြီး တစ်ခုလုံးကို မြင့်တက် စေမည် ဖြစ်သည်။

ထို့ကြောင့်နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များတွင် **"စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး"** ဟူသော ဦးတည်ချက်ကို ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဒေသခံ တိုင်းရင်းသားများသည် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စပါး၊ ပြောင်း၊ လူး၊ ဆပ်၊ ပန်းဂျုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ သစ်ဆိမ့်၊ ရော်ဘာ၊ စားတော်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်၊ ပဲစင်းငုံ၊ ပဲယင်း၊ ငရုတ်၊ အာလူး၊ ကြံ၊ လက်ဖက်၊ ကော်ဖီ၊ ငှက်ပျော၊ အုန်း၊ ထန်း၊ ကွမ်းသီး၊ သနပ်ဖက်၊ ပိုးစာပင်၊ ကွမ်းပင်များကို နယ်မြေဒေသ အခြေအနေပေးသည်နှင့် အမျှ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ဆောင် ရွက်ခဲ့သည်။

အထူးသဖြင့် နိုင်ငံ့ရိက္ခာဖြစ်သော စပါးပိုမိုထွက်ရှိရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆင်းရွှေလီအထူးအထွက်တိုးစပါးကို ၂၀၀၂-၂၀၀၃ ခုနှစ်မှ စ၍ စိုက်ပျိုးထုတ်လုပ်ခဲ့သည်။

၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးရာသီတွင် ဆင်းရွှေလီအထူးစံပြကွက်၁၂၂၈ဧကစိုက်ပျိုးခဲ့ရာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း(ရုံးချုပ်)နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)တို့မှ ပညာရှင်အဖွဲ့များ၏ ကွင်းဆင်းစံကွက်ရိတ်သိမ်းမှုမှတ်တမ်းများအရ တစ်ဧကလျှင် နမ့်ခမ်းတွင် ၂၄၃ဒသမ၈၈တင်း၊ မူဆယ်တွင် ၂၄၁ဒသမ၃၇တင်း၊ ကွတ်ခိုင်တွင် ၂၁၈ဒသမ၉၀တင်း၊ ကျောက်မဲတွင် ၂၀၆ဒသမ၀၁တင်း၊ လားရှိုးတွင် ၂၀၅ဒသမ ၄၃တင်း၊ နောင်ချိုတွင် ၂၀၄ဒသမ၅၀တင်း အမြင့်ဆုံး ထွက်ရှိခဲ့ကြောင်း တွေ့ရသည်။

ဆင်းရွှေလီစပါးသည်တစ်ဧကတင်း၂၀၀ကျော်ထွက်ရှိပြီး ထွက်နှုန်းကောင်းသော စပါးမျိုးဖြစ်သဖြင့် တိုးချဲ့ စိုက်ပျိုးထုတ်လုပ်ခဲ့ရာ ၂၀၀၂-၂၀၀၃ ခုနှစ် မိုးရာသီတွင် ဧက၂၅၀၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၃၃၈၆၁၀၇တင်း ထွက်ရှိခဲ့သည်။ ယင်းနှစ် နွေရာသီတွင် ဧက ၉၃၃၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၁၀၃၂၈၃၁တင်း ထွက်ရှိခဲ့သည်။ ၂၀၀၃-၂၀၀၄ခုနှစ် မိုးရာသီတွင် ဧက ၁၀၄၀၈၀ နှင့် နွေရာသီတွင်၁၁၆၁၈ဧက စုစုပေါင်း ၁၁၅၇၀၆ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၁၄၃၉၂၉၆၈ တင်း ထွက်ရှိခဲ့သည်။

၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးရာသီ၌ ၁၀၆၂၃၁ဧက၊ နွေရာသီ၌ ၁၆၉၃၉ဧက စုစုပေါင်း ဧက ၁၂၃၁၇၀ စိုက်ပျိုးနိုင်ခဲ့ပြီး စုစုပေါင်း စပါး ၁၆၂၁၃၃၃၄ တင်း ထွက်ရှိခဲ့သည်။

ယခု ၂၀၀၅-၂၀၀၆ မိုးရာသီတွင် ၁၀၉၇၂၈ဧက စိုက်ပျိုးရန် လျာထားသော်လည်း ၁၂၀၆၅၉ ဧကထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့သဖြင့် အထွက်ကောင်းဆင်းရွှေလီစပါးများ ပိုမိုထုတ်လုပ်နိုင်မည် ဖြစ်သည်။



မူဆယ်မြို့နယ် ဖိုင်းကျောင်းကျေးရွာတွင် တစ်ဧကတင်း ၂၀၀ ကျော်ထွက်ရှိသော ဆင်းရွှေလီအထူးအထွက်တိုး နွေစပါးစံပြကွက် ရိတ်သိမ်းမှုကို ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးစိုး၀င်းနှင့် စိုက်ပျိုးရေး သုတေသနမှ ပညာရှင်များ ကြည့်ရှုစစ်ဆေးစဉ်။ ဓာတ်ပုံ-မောင်မောင်သန်း(ကော့မှူး)

၎င်းပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဒေသ၀မ်းစာဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ၂၀၀၅- ၂၀၀၆ခုနှစ် မိုးရာသီတွင် ဆင်းရတနာစပါး၁၃၆၇၉ဧကကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် မိုးစပါးစိုက်ဧကသုံးသိန်းပြည့်မီသည်အထိ ရှာဖွေဖော်ထုတ်တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းအားထုတ်ခဲ့သည်။

ယင်းသို့ ကြိုးပမ်းအားထုတ်ရာတွင် ၂၀၀၄-၂၀၀၅ခုနှစ်နှင့် ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ယခင်ကနှစ်ပေါင်းများစွာ ဘိန်းစိုက်ပျိုးခဲ့ကြသည့် ဘိန်းစိုက်မြေဧကများအားလုံးကို ဘိန်းစိုက်ပျိုးမှု ကင်းစင်အောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့ပြီး ယာစပါးစိုက်ဧကများ၊ လယ်စပါးစိုက်ဧကများ တိုးတက်စည်းရုံးစိုက်ပျိုးနိုင်ခဲ့သည့်အတွက် မိုးစပါးစိုက်ဧကစုစုပေါင်း ၄၅၇၆၀၉ ဧကအထိ ရည်မှန်းချက် အပြည့်အ၀အကောင်အထည်ဖော်နိုင်ခဲ့သည်။



လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စခန်းရုံး၀င်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေလီပဲပုပ် စိုက်ခင်းကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံ-မောင်မောင်သန်း(ကော့မှူး)

ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ယာမြေများကို လယ်မြေများအဖြစ် လှေကားထစ်လယ်များအဆင့်သို့ စက်အား၊ ဒေသခံပြည်သူများအား၊ တပ်မတော်သား အင်အားများဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ အလွန် အားရကျေနပ်ဂုဏ်ယူ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။

၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါး(လယ်)၊ မိုးစပါး(ယာ)နှင့် မိုးစပါး(တောင်ယာ)စိုက်ပျိုးရန် လျာထားချက်အပေါ် ၂၀၀၅ခုနှစ် ဩဂုတ်၃၁ရက်နေ့အထိ စိုက်ပျိုးပြီးစီးမှုမှာ လားရှိုးခရိုင်တွင် ၁၁၉၃၃၂ဧက၊ မူဆယ်ခရိုင်တွင် ၇၂၈၆၇ဧက၊ ကျောက်မဲခရိုင်တွင် ၁၆၀၅၃၄ ဧက၊ ကွမ်းလုံခရိုင်တွင် ၂၈၈၆၄ဧက၊ လောက်ကိုင်ခရိုင်တွင် ၁၅၉၉၆ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ဖြစ်သည်။

စပါးစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်စီးပွားရေး၏ အဓိကအခန်းမှပါ၀င်နေသဖြင့် မိုးစပါးအပြင် နွေစပါးများကိုလည်း စိုက်ပျိုးလျက်ရှိရာ ၂၀၀၄-၂၀၀၅ နွေစပါးအမှန်စိုက်ဧကမှာ လားရှိုးခရိုင်တွင် ၅၈၂၂ဧက၊ မူဆယ်ခရိုင်တွင် ၆၆၀၄ ဧက၊ ကျောက်မဲခရိုင်တွင် ၄၇၂၈ ဧက၊ ကွမ်းလုံခရိုင်တွင် ၅၈၄ဧက၊ လောက်ကိုင်ခရိုင်တွင် ရှစ်ဧက စုစုပေါင်း ၁၇၇၄၆ဧက ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၀၅-၂၀၀၆ ခုနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ စိုက်ပျိုးရန် လျာထားချက်အပေါ် ၂၀၀၅ ခုနှစ် ဩဂုတ်၃၁ရက်နေ့အထိ စိုက်ပျိုးပြီးစီးမှုကို ကြည့်လျှင် ကော်ဖီ ဧက၇၃၉၀၊ လက်ဖက်၁၂၃၇၇၉ ဧက၊ ငရုတ်ကောင်း ၂၁ဧက ဖြစ်သည်။

၂၀၀၅-၂၀၀၆ခုနှစ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ရော်ဘာစိုက်ပျိုးမှုမှာ ၁၂၉၉၇ဧက ဖြစ်ပြီး မူးယစ်ဆေး၀ါးပပျောက်ရေး ငါးနှစ်စီမံကိန်းဒေသများ၏ဘိန်းအစားထိုးသီးနှံအဖြစ် စပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ပန်းဂျုံ၊ ပဲပုပ်၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက်၂၆၇၉၈၂ဧကစိုက်ပျိုးခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ဘိန်းအစားထိုး ဆောင်းသီးနှံအဖြစ် ဂျုံ၊ ပန်းဂျုံ၊ ပဲပုပ်၊ စားတော်ပဲ၊ မြေပဲ၊ ဆီမုန်ညင်း၊ ပန်းနှမ်း၊ နေကြာ၊ အာလူးနှင့် ဟင်းသီးဟင်းရွက် ၉၆၄၂၆ ဧက စိုက်ပျိုးရန် လျာထားပြီး ဘိန်းအစားထိုး နှစ်ရှည်သီးနှံများအဖြစ် လက်ဖက်၊ ကော်ဖီ၊ သရက်၊ ရှောက်၊ သံပရာ၊ ကျွဲကော၊ လိမ္မော်၊ ပျားလိမ္မော်၊ နာနတ်၊ ဩဇာ၊ လိုင်ချီး၊ သစ်တော်၊ စီချမ်ငရုတ်ကောင်း၊ မက်မန်း၊ သစ်ကြား၊ သစ်အယ်၊ မန်ကျည်းနှင့် အခြားသီးနှံများ ၅၃၈၃၁ဧက စိုက်ပျိုးထားရှိပြီး ဖြစ်သည်။

ကုန်းမြင့်လယ်ယာဖော်ထုတ်မှုအနေဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် ၂၉၉၂ဧက ဖော်ထုတ်နိုင်ခဲ့ပြီး၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် မြေဧက၅၀၀၀ ဖော်ထုတ်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) သည် လျှိုမြောင် ချောက်ကမ်းပါးများနှင့် တောင်တန်းကြီးများရှိနေသဖြင့် သဘာ၀ အနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများကို ခက်ခက်ခဲခဲ ကြိုးပမ်းနေရသည်။

မည်သို့ပင်ဆိုစေရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်ဌာနဆိုင်ရာမှ တာ၀န်ရှိသူများ၏ ဦးဆောင် စည်းရုံးမှုဖြင့် ဒေသခံ တိုင်းရင်းသားပြည်သူများသည် မိမိ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးစီးပွား မြင့်မားလာစေရန်အတွက်လည်း အားနှင့်မာန်နှင့် လုံ့လနှင့်၊ တက်စုံဖွင့်၊ ရှက်ကုန်လွှင့်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသား တင်ပြအပ်ပါသည်။ ။



လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စခန်းရုံး၀င်း အတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေလီနေကြာစိုက်ခင်း ကို တွေ့ရစဉ်။ ဓာတ်ပုံ-မောင်မောင်သန်း(ကော့မှူး)

နမ့်ခမ်းမြို့နယ်ရှိ တစ်ဧကတင်း၂၀၀ကျော်ထွက် ရှိ သော ဆင်း ရွှေ လီ အထူး အထွက်တိုး မိုးစပါး စံပြကွက်ကို တွေ့ရစဉ်။

ဓာတ်ပုံ-မောင်မောင်သန်း (ကော့မှူး)







# လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

**ပြည်ထဲရေးဝန်ကြီးဌာနနှင့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂအစီအစဉ်တို့ ပူးပေါင်းကျင်းပသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၁၀နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

နှီးနှောဖလှယ်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်း၊ ပြည်ပရှိ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ UNIAP မှ တာဝန် ရှိသူများ၊ စာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲ အစီအစဉ် ပထမပိုင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ၏ နောက်ခံသမိုင်းအကြောင်းဆိုင်ရာ စာတမ်းများဆွေးနွေးတင်ပြခြင်း အစီအစဉ်ကို စတင်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေက သဘာပတိအဖြစ် ဆောင်ရွက်ပြီး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီးစစ်အေးက **"လူကုန်ကူးမှုပြဿနာနှင့် နိုင်ငံတကာ၏ တုံ့ပြန်မှု"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ UNIAP မှ Regional Programme Manager ဒေါက်တာ စုစုသာထွန်းက **"မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု အခြေအနေနှင့်တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ"** (COMMIT) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ခင်မောင်စိုးက **"မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ မူဝါဒ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ၏ နောက်ခံအကျဉ်း"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နှီးနှောဖလှယ်ပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲ အစီအစဉ် ဒုတိယပိုင်းဥပဒေအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် သက်ဆိုင်သော စာတမ်းများဆွေးနွေးခြင်း အစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်က ဆောင်ရွက်ပြီး သဘာပတိက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းက **"လူကုန်ကူးမှု အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် စီရင်ပိုင်ခွင့်၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို လေ့လာတင်ပြချက်"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းက **"လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်က **"လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် အမျိုးသမီး၊ ကလေးသူငယ်နှင့် လူငယ်များအား အထူးကာကွယ်စောင့်ရှောက်ခြင်း"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးထင်ဇော်က **"လူကုန်ကူးမှုနှင့် စပ်လျဉ်း၍ တရားစီရင်ရေး ရှုထောင့်"** ခေါင်းစဉ်ဖြင့် လည်းကောင်း ဖတ်ကြားဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နှီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအား ပြည်သူလူထုနှင့်တာဝန်ရှိပုဂ္ဂိုလ်များ ပိုမိုသိရှိစေရန်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပေါင်းစပ် ညှိနှိုင်းမှု ပိုမိုရရှိရန် စသည့် ရည်ရွယ် ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး နှီးနှော ဖလှယ်ပွဲကို မတ် ၁ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

**လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှော ဖလှယ်ပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပစဉ်။**
(သတင်းစဉ်)

အင်းစိန်မြို့နယ် အမက(၁)ဗဟို၏ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကိုဖေဖော်ဝါရီ ၂၆ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူး ဦးရန်နောင် ဦးဆောင်၍ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသီလ၊ ကျောင်းအုပ်ဆရာကြီးဦးမောင်မောင်မြင့်နှင့် မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်များ၊ ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများကစုပေါင်းစိုက်ပျိုးကြစဉ်။
(၆၁)



## အခြေခံပန်းအလှ ပြုပြင်မှုသင်တန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း (၁/၂၀၀၆) ကို မတ် ၁၄ရက်မှ ၁၈ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ ဒဂုံမြို့နယ် ရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၄၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင် ကျပ် ၅၀၀၀ သတ်မှတ်ထားသည်။ သင်တန်းတက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း–၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ (၄၅)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁–၃–၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | တေးဂီတအစီအစဉ် |
| ၇:၁၀ | မေးကြည့်ဖြေကြည့်ပဟေဠိ |
| ၇:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇:၄၀ | ပြည်သူ့အတွက်ကျန်းမာရေး (အရေပြားလေးဖက်နာရောဂါမေးမြန်းခန်း) |
| ၇:၅၀ | တေးဂီတအစီအစဉ် |
| ၇:၅၅ | မြန်မာ့မီးရထားစွမ်းအားကျောက်ရေတွင်း ခုံးကျော်တံတား |
| ၈:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၁၀ | တေးဂီတအစီအစဉ် |
| ၈:၁၅ | ကျန်းမာရေးအတွက် သန့်(၄)သန့် |
| ၈:၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၈:၃၀ | မြန်မာစာ၊မြန်မာစကား(၈) |
| ၈:၄၅ | တေးဂီတအစီအစဉ် |
| ၈:၅၀ | ကျေးလက်စာကြည့်တိုက်ဖွံ့ဖြိုးရေး (ဦးမျိုးမြတ်သူ၊ ဦးချစ်နိုင်(စိတ်ပညာ) |
| ၉:၃၅ | တေးဂီတအစီအစဉ် |
| ၉:၄၀ | ဂက်(စ်)မီးဖိုနှင့်ဖြစ်တတ်သော အန္တရာယ်များ |
| ၉:၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၅၅ | ရောင်းမယ်၊ဝယ်မယ် (မေသဥ္စာဦး၊ခင်လေးနွယ်) |
| ၁၀:၁၀ | ဆူနာမီရေလှိုင်းကာကွယ်ရေး အကြောင်းသိကောင်းစရာ (ပထမပိုင်း) |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့ |
| ၁၁:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၀၀ | Myanmar Video Rhythm |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန် ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ရက်က ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မစိုးယုသီဂီမော်အား အသင်းနာယက သီရိသုဓမ္မသီဂီ ဒေါ်ရွှေသက် ပညာရည်ချွန်ဆုချီးမြှင့်စဉ်။**
(က–ပ)



**ဖေဖော်ဝါရီ ၂၆ ရက်က အမှတ် (၂၁) အခြေခံပညာ မူလတန်းကျောင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၂၀၀၄–၂၀၀၅ နှင့် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ဆုနှင့် မြို့နယ် ဘက်စုံထူးချွန်ဆုရရှိသူ မနှင်းမြတ်မြတ်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းမြဆုချီးမြှင့်စဉ်။** (ပညာရေး)



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁–၃–၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

### နံနက်ပိုင်း

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၁။ ပြီးပါပြီ။ |

### ညပိုင်း

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၂၀ | ၄။ လက်စွမ်းပြပဟန်ဂီတသံ |
| ၄:၃၀ | ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၄၀ | ၆။ မျိုးချစ်တပ်မတော် |
| ၄:၅၀ | ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅:၀၀ | ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၃၀ | ၉။ မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၄၅ | ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၂။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၃။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၅။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နန်းတွင်းရတနာ (အပိုင်း–၁၆)** |
| ၈:၀၀ | ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပါရမီရှင်သိုင်း လုလင် (အပိုင်း–၂၁)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |





**အမှာစကား ပြောကြား**

**မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်ရေထိန်းတံခါးဖွင့်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ယခုချိန်အထိ တစ်နိုင်ငံလုံးတွင် ဆည်တာတမံ ၁၈၃ ခု တည်ဆောက်ပြီးစီး ကျပ်သန်း ထောင်ပေါင်း ၁၂၀၀ ကျော် ရင်းနှီးမြှုပ်နှံသုံးစွဲခဲ့ပြီးဖြစ်

✧ **မွန်ပြည်နယ်မှ**

ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မင်္ဂလာစည်တော်နှင့်ဘင်ခရာအဖွဲ့ဝင်များ၊ ပန်းဖွားအက အဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၄၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်မည့် ရင်းငြိမ်ရေထိန်းတံခါးသည် နိုင်ငံသားများ၏ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ယင်းရေထိန်းတံခါးသည် ရင်းငြိမ်ချောင်းနှင့် ကျုံထော်ချောင်းဘေး ဝဲ/ယာတစ်လျှောက်တွင်ရှိသည့် စိုက်ပျိုးမြေများကို မိုးရာသီ ရေလျှံနစ်မြုပ်မှုမှကာကွယ်ပေးပြီး ရေတော်မိုးတော်စိုက်ကေများဖြစ်စေရန်၊ စိုက်ပျိုးမြေများအတွင်းသို့ ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်၊ မိုးရာသီတွင် ရေလျှံနစ်မြုပ်သော်လည်း နွေရာသီ၌ စိုက်ပျိုးရေချိုရှားပါးမှုကို သိုလှောင်ရန်နှင့် နွေရာသီစိုက်ပျိုးဧကများ တိုးတက်စေရန်နှင့် သီးနှံအထွက်နှုန်း တိုးတက်စေရန်ရည်ရွယ်ပြီး တည်ဆောက်ပေးခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးတွင် တည်ဆောက်ခဲ့သော ဆည်တမံလုပ်ငန်းများအနက် ၁၈၃ခုမြောက်လုပ်ငန်းဖြစ်ကြောင်း၊ ရင်းငြိမ်ရေထိန်းတံခါးကနေပြီး အကျိုးပြုဧကမှာ ၂၀၀၀၀ခန့်ရှိသည့်အတွက် မွန်ပြည်နယ်၏ စိုက်ပျိုးမှုစွမ်းအားသည်လည်း မလွဲမသွေ တိုးတက်လာမည်ဖြစ်ကြောင်း။

## ရင်းနှီးမြှုပ်နှံသုံးစွဲခဲ့

မွန်ပြည်နယ်အတွင်းတွင် ယခုဖွင့်လှစ်သည့် ရေထိန်းတံခါးအပြင် အဇင်းရေလှောင်တမံ၊ ဝါးပါးရေလှောင်တမံ၊ ဘီးလင်းရေလွှဲဆည်၊ ရွှေနတ်တောင်ရေလှောင်တမံ၊ ဝင်းဖနုံရေလှောင်တမံ၊ ဇိုက္ကရဲရေထိန်းတံခါး၊ ကျုံထော်ရေထိန်းတံခါး တည်ဆောက်ပေးထားပြီးဖြစ်သည့်အတွက် စုစုပေါင်းအကျိုးပြုဧက ၈၄၀၀၀ခန့်ရှိနေပြီဖြစ်ကြောင်း၊ ကုန်ကျငွေအနေဖြင့် ကျပ်သန်း၃၉၀၀နီးပါးခန့်ရှိကြောင်း၊ ဆက်လက်ပြီး ကတိုက်ရေလှောင်တမံ၊ မရမ်းကုန်းရေထိန်းတံခါးနှင့် တနောရေလှောင်တမံတို့ကို တည်ဆောက်နေဆဲဖြစ်ကြောင်း၊ ယခုအချိန်အထိ တစ်နိုင်ငံလုံးတွင် ဆည်၊တာတမံလုပ်ငန်းပေါင်း ၁၈၃ခုတည်ဆောက်ပြီးစီးခဲ့ပြီး ကျပ်သန်းထောင်ပေါင်း၁၂၀၀ကျော် ရင်းနှီးမြှုပ်နှံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ဆိုလျှင် မွန်ပြည်နယ်အပါအဝင် ပြည်နယ်၊ တိုင်းအားလုံးသည် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ မွန်ပြည်နယ်တွင် နိုင်ငံတော်၏ အကြီးမားဆုံးနှင့် အရှည်ဆုံးသံလွင်တံတား(မော်လမြိုင်)ရှိသကဲ့သို့ ကရင်ပြည်နယ်တွင် သံလွင်တံတား (ဘားအံ)၊ ရှမ်းပြည်နယ်တွင် သံလွင်တံတား(တာဆန်း)၊ တာကော်အက်တံတားနှင့် တာပါးတံတားတို့တည်ရှိလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်ကုန်းမြေမြင့်တွင် ရွှေညောင်–တောင်ကြီး–နမ့်စန်–မိုးနဲရထားလမ်းဖောက်လုပ်ပြီးသကဲ့သို့ ယနေ့မွန်ပြည်နယ် မော်လမြိုင်မြို့မှ တနင်္သာရီတိုင်း ထားဝယ်မြို့အထိ ရထားလမ်းပေါက်နေပြီဖြစ်ကြောင်း၊ ထို့အတူ ပင်လယ်ကမ်းရိုးတန်းကမ်းမြှောင်ဒေသဖြစ်သည့် ရခိုင်ပြည်နယ်အတွက် ရန်ကုန်–စစ်တွေလမ်းမကြီးနှင့်ကျောက်ဖြူ–ရန်ကုန်လမ်းမကြီးတို့ကို ခက်ခက်ခဲခဲ ဖောက်လုပ်ပြီးခဲ့ပြီ ဖြစ်သည့်အတွက် နိုင်ငံတော်အနှံ့အပြား၌ အိပ်မက်များပမာထင်ခဲ့သောလမ်းများ၊ တံတားများ၊ ဆည်တမံကြီးများသည် ယနေ့လက်တွေ့ကျကျ ပေါ်ထွက်လာပြီး ပြည်သူလူထုကို အကျိုးပြုနေပြီဖြစ်ခြင်းကို အားလုံးမျက်မြင်ပင်ဖြစ်ကြောင်း။

ဤနေရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "သံလွင်တံတား (မော်လမြိုင်)ဖွင့်ပွဲအခမ်းအနား၌ **"တိုင်းပြည်၌ စည်းလုံးညီညွတ်မှုအင်အား၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအင်အားတို့ ခိုင်မာစွာရှိနေရန်အရေးကြီးကြောင်း၊ ယင်းအင်အားနှစ်ရပ်ဖြင့်ပင်ကြုံတွေ့ရသော အခက်အခဲမှန်သမျှကို မိမိတို့ကျော်လွှားနိုင်ကြောင်း"**ဖြင့် နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်ကို မွန်ပြည်နယ်ဒေသခံများ ပြန်လည်သတိရမည်ဆိုလျှင် အသိတရားနှင့်ယှဉ်ပြီး လိုက်နာအကောင်အထည်ဖော်နိုင်ရန် ထပ်မံအသိပေးတင်ပြလိုကြောင်း။

## စိုက်ပျိုးရေးအခြေခံ

ဤနေရာတွင် နှစ်စဉ်တိုးတက်လာနေသော လူဦးရေတိုးနှုန်းအရ စားဝတ်နေမှုပိုလျှံပြည့်စုံရန်ဆိုလျှင် စိုက်ပျိုးရေးအခြေခံသော စီးပွားရေးကို လက်မှုစနစ်မှ စက်မှုစနစ်သို့ ကူးပြောင်းနိုင်မှ ခေတ်မီသော စိုက်ပျိုးထုတ်လုပ်မှုဖြစ်လာမည်ဖြစ်ကြောင်း၊ ယနေ့အခါ တစ်ကမ္ဘာလုံးတွင် စက်ယန္တရားများအတွက် စက်သုံးလောင်စာဒီဇယ်ဆီသည် အလွန်ရှားပါး ဈေးကြီးလာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်မီစက်မှုစိုက်ပျိုးရေးဘဝသို့ သွားမည်ဆိုလျှင် လောင်စာဆီသည် မလွဲမသွေလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီဇယ်ဆီအစား ကြက်ဆူစေ့မှ လောင်စာဆီထုတ်လုပ်မှုနည်းပညာကို အောင်မြင်စွာဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က တစ်နိုင်ငံလုံးကို တောရောမြို့ပါမကျန် ခြံစည်းရိုးကြက်ဆူပင်ကို သုံးနှစ်အတွင်း ဧက ခုနစ်သန်းအနည်းဆုံးစိုက်ပျိုးရန် တိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း၊ ယင်းနှိုးဆော်တိုက်တွန်းချက်သည် ဒေသတိုင်းအတွက်၊ စက်ယန္တရားအားလုံးအတွက်အသုံးဝင်စေပြီး ကျေးလက်ပါမကျန်အားလုံးခေတ်မီဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည့်အတွက် ဒေသတိုင်း၊နေရာတိုင်းတွင် လူတိုင်းသည် အမျိုးသားရေးအသွင်ဖြင့် စိုက်ပျိုးကြရန် အထူးတလည်တိုက်တွန်းလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူမှရရှိသော လောင်စာဖြင့် တောရောမြို့ပါ အသုံးဝင်ပုံများကို ယနေ့မြန်မာ့ရုပ်မြင်သံကြားကတစ်ဆင့် ပြည်သူအားလုံးသိရှိအောင် ပြသနေပြီဖြစ်ကြောင်း။

ယခုဖွင့်လှစ်မည့် ရေထိန်းတံခါးသည် ဒေသခံပြည်သူများ၏ အကျိုးကိုမျှော်ရည်ပြီး နိုင်ငံတော်၏ ငွေကြေးများစွာဖြင့် ရင်းနှီးတည်ဆောက်ထားခြင်းဖြစ်သည့်အတွက် ဒေသခံပြည်သူများက ယင်းရေထိန်းတံခါးကြီးကို ကမ္ဘာတည်သရွေ့ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။



**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးတို့ ရင်းငြိမ်ရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## ရေလျှံရေလွှမ်း

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာတွင် ပေါင်မြို့နယ်သည် မိုးရာသီတွင် နှစ်စဉ်မိုးရေချိန်လက်မ ၁၈၀ မှ လက်မ ၂၀၀ အထိရွာသွန်းလေ့ရှိကြောင်း၊ ထို့ကြောင့် မိုးရာသီတွင် အချိန်မီရေထုတ်မပေးနိုင်သည့်အတွက် လယ်ယာမြေများ ရေလျှံရေလွှမ်းသည့်ဒဏ်ခံနေရသောဒေသဖြစ်ကြောင်း၊ ထို့အပြင် ဒီရေတက်သည့်အချိန်နှင့် ဆုံလျှင်လည်း ပင်လယ်ရေငန်မဝင်ရောက်နိုင်အောင် တားဆီးနိုင်စွမ်းမရှိသဖြင့် သီးနှံပျက်စီးမှုများနှင့် တွေ့ကြုံခဲ့ရကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ဤဒေသအတွင်း မိုးရာသီ၌ ရေနစ်မြုပ်ခြင်းဘေးမှ ကာကွယ်ရေး၊ နွေရာသီရေငန်ဝင်ရောက်မှုမှ တားဆီးနိုင်ရေးတို့အတွက် ရင်းငြိမ်ရေထိန်းတံခါးကို နိုင်ငံတော်အနေဖြင့် စီမံကိန်းခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း ၁၆၀၀ ကျော်အကုန်အကျခံပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ရင်းငြိမ်ရေထိန်းတံခါးကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ပေါင်မြို့နယ်အတွင်းရှိ ရေနက်ကွင်း၊ ရေကြီးကွင်း လယ်ယာမြေများပြန်လည်ဖော်ထုတ်စိုက်ပျိုးလာနိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် မိုးရာသီအတွင်း ရေကြီးကွင်းများသို့ ပြင်ပမြစ်ရေဝင်ရောက်မလာစေရန်နှင့် ပိုလျှံရေများကို မုတ္တမကွေ့ဘက်သို့ ထုတ်နုတ်နိုင်မှာဖြစ်ကြောင်း၊ အထူးသဖြင့် ပေါင်မြို့နယ်အတွင်းရှိ ရေနက်ကွင်း၊ ရေကြီးကွင်း ဧက ၂၀၀၀၀ ကျော်ကိုလည်း မိုးရာသီရေနစ်မြုပ်ခြင်းဘေးနှင့် နွေရာသီရေငန်ဝင်ရောက်မှုဘေးမှ ကာကွယ်နိုင်မှာဖြစ်သဖြင့် ဒေသခံတောင်သူလယ်သမားများ တိုက်ရိုက်အကျိုးဖြစ်ထွန်းမှာဖြစ်ကြောင်း။

မွန်ပြည်နယ်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စပါးစိုက်ပျိုးမြေများကို တိုးချဲ့ဖော်ထုတ်လျက်ရှိရာ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် မိုးစပါးဧက ၈ ဒသမ ၃ သိန်းနှင့် နွေစပါးဧကတစ်သိန်းကျော် စိုက်ပျိုးနိုင်ပြီး ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက ၁၀ သိန်း ပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးသွားမှာဖြစ်ကြောင်း။

ထို့အပြင် အခြားသီးနှံဖြစ်သည့် မိုးမြေပဲ၊ ဆောင်းမြေပဲ၊ မိုးနှမ်း၊ ဆောင်းနှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ ချက်ကြံ၊ ရော်ဘာ၊ ငရုတ်ကောင်းတို့ကို တိုးတက်စိုက်ပျိုးနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ဇီဝလောင်စာဆီထုတ်လုပ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်နှင့် စပ်လျဉ်းပြီး သုံးနှစ်အတွင်း ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရန် ဖြစ်သည့်အတွက် ယခု ပထမနှစ်ဖြစ်သည့် ၂၀၀၆ ခုနှစ်တွင် ဧကတစ်သိန်းစိုက်ပျိုးရန်နှင့် ၂၀၀၇ ခုနှစ်တွင် ဧကနှစ်သိန်း၊ ၂၀၀၈ ခုနှစ်တွင် ဧကနှစ်သိန်း စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း။

နိုင်ငံတော်အနေဖြင့် လုပ်ပေးစရာရှိသည်များကို လုပ်ပေးသကဲ့သို့ တောင်သူလယ်သမားများကလည်း စိုက်ပျိုးရေးလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ပြည့်ပြည့်ဝဝ ကြိုးစားလုပ်ကိုင်သွားကြရန် အထူးမှာကြားလိုပါကြောင်း။

## အစဉ်ကြံဆလုပ်ဆောင်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာ ကြားချက်ဖြစ်သည့် **"မိမိတို့နိုင်ငံကို ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရာမှာ ရေနဲ့မြေဟာ တကယ့်အရင်းအနှီးများပဲဖြစ်တယ်။ ရေနဲ့မြေကိုတန်ဖိုးထားတဲ့စိတ်၊ လုပ်ချင်ကိုင်ချင်စိတ်များနဲ့ အလေးအနက်ထား အသုံးချသွားရမှာ ဖြစ်တယ်။ ရေနဲ့မြေရဲ့တန်ဖိုးကို မြှင့်တင်နိုင်ရေး (Value Added)ဖြစ်ရန်အတွက် အစဉ်ကြံဆလုပ်ဆောင်နေရမှာဖြစ်ပါတယ်"** ဆိုသည့် အချက်ကို အလေးအနက်ခံယူပြီး မွန်ပြည်နယ်အတွင်း တည်ဆောက်ပြီးစီးပြီဖြစ်သည့် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံ တောင်သူလယ်သမားများက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

➪ စာမျက်နှာ ၁၀ မှ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးနှင့် ရေကြီးနစ်မြုပ်သည့် ဒေသများက စိုက်ပျိုးမြေများ အောင်မြင်စွာစိုက်ပျိုးနိုင်ရန် ရေဘေးကာကွယ်ရေးတို့သည်လည်း အဓိက ကျသည့်အချက်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရေးတွင် အဓိကကျသည့် စိုက်ပျိုးရေရရှိရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းနှင့် မိုးနည်းရေရှားဒေသများတွင် အကြီးစား၊ အလတ်စားနှင့် အငယ်စားရေလှောင်တမံ စီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကို လိုအပ်ချက်နှင့်အညီ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း ယခုကဲ့သို့ ရေထိန်းတံခါးစီမံကိန်းကြီးများနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် ရင်းငြိမ်ရေထိန်းတံခါးစီမံကိန်းသည် နိုင်ငံတော်၏ ၁၈၃ခုမြောက် ဆည်မြောင်းစီမံကိန်းအဖြစ် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း။

တပ်မတော်အစိုးရက နိုင်ငံတော်ကို စတင်တာဝန်ယူခဲ့သည့်အချိန်က တစ်နိုင်ငံလုံးတွင် ဆည်၊ တမံလုပ်ငန်းပေါင်း ၁၃၈ခုသာရှိခဲ့ပြီး အကျိုးပြုဧက ၁ဒသမ၃၄သန်းသာရှိခဲ့ကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံးအနေဖြင့် ဆည်တမံလုပ်ငန်းပေါင်း ၁၈၃ခု တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အကျိုးပြုဧက ၂ဒသမ ၅သန်းတိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း၊ သီးနှံများ ရေသွင်းစိုက်ပျိုးနိုင်မှုပမာဏသည် တစ်နိုင်ငံလုံးတွင် သီးနှံအသားတင်စိုက်ဧရိယာဧက ၂၈သန်းကျော်၏ ၁၉ရာခိုင်နှုန်းထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

## ထုတ်လုပ်မှုမြင့်မားစေမည်

တောင်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ရရှိသည့် ကြက်ဆူရိုင်းအဆီဖြင့် လယ်ယာသုံးစက်ကိရိယာများကို မောင်းနှင်နိုင်ပြီး စက်မှုစွမ်းအားဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားစေမှာဖြစ်ကြောင်း၊ ထို့အပြင် ရေစုပ်စက်၊ မီးစက် စသည့် စက်များတွင် ထည့်သွင်းသုံးစွဲနိုင်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်သကဲ့သို့ လူနေမှုအဆင့်များကိုလည်း တိုးတက်လာစေမှာဖြစ်ကြောင်း။

ယခု ရင်းငြိမ်ရေထိန်းတံခါးစီမံကိန်းပြီးစီးမှုကြောင့် အလျားပေ ၂၆၀၀ရှိသည့် ရေခေါ်မြောင်းမကြီးနှင့် အလျားပေ ၂၄၀၀ရှိသည့် ရေထုတ်မြောင်းမကြီးတို့က ဤဒေသမှ လယ်မြေဧကနှစ်သောင်းကို နွေစပါးနှင့် မိုးစပါးများ အောင်အောင်မြင်မြင်စိုက်ပျိုးနိုင်ရေးအတွက် အထောက်အကူပြုနေပြီဖြစ်ကြောင်း။

ယခုရေထိန်းတံခါးကြီးက ရေထိန်းလွှတ်ပေးမှုနှင့်အတူ ဤဒေသတွင် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်လာစေမည့်အပြင် တူးမြောင်းဖြတ်ထားရာ ဒေသများ၏ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက်ပါ အကျိုးခံစားရတော့မှာဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုနှင့်အတူ ဆက်နွှယ်နေသည့် စီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာတော့မှာဖြစ်သဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးသည်လည်း တိုးတက်လာတော့မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဒေသခံပြည်သူများအနေဖြင့် ယခင်က မိုးကာလ လယ်မြေများ ရေကြီး၊ ရေလွှမ်း၍ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် မိမိတို့စွမ်းအားရှိသလောက်ထုတ်လုပ်ခြင်း မရှိနိုင်သည့် အခြေအနေ အခက်အခဲကို ကျော်လွှားနိုင်တော့မှာဖြစ်ကြောင်း၊ သီးနှံပိုမို စိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့်အမျှ ဒေသခံတောင်သူများ၏ လူမှုစီးပွားရေး ပိုမိုမြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်တော့မှာ ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားလာသည်အမျှ ဆက်နွှယ်နေသည့် အခြားစီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာတော့မှာဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုရေးဘဝ၊ စီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားနိုင်တော့မှာ ဖြစ်ကြောင်း၊ ဤရေထိန်းတံခါးသည် သားစဉ်မြေးဆက် အကျိုးခံစား သွားနိုင်မှာဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား သထုံခရိုင် ပေါင်မြို့နယ် ရင်းငြိမ် ကျေးရွာအုပ်စု သပြုချောင်းရွာမှ ဦးဘထောက်က ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကမ္ပည်းကျောက်စာတိုင် ဖွင့်လှစ်မည့်နေရာသို့ သွားရောက် နေရာယူကြသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရင်းငြိမ်ရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ရင်းငြိမ်ရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတို့သည် တည်ဆောက်ရေး(၆)မှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့်အတူ ရေထိန်းတံခါးဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖွင့်ပွဲ မုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရင်းငြိမ်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ထပ်မံ၍ တွေ့ဆုံ နှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဒေသခံပြည်သူများသည် ဖွင့်လှစ်လိုက်သော ရင်းငြိမ်ရေထိန်းတံခါးကို ကြည့်ရှုကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေထိန်းတံခါးအနီး၌ ခြံစည်းရိုးကြက်ဆူရိုင်း ပျိုးထောင်ထားမှုကို ကြည့်ရှုသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရေထိန်းတံခါး တည်ဆောက်ရသည့် ရည်ရွယ်ချက်နှင့် ရေထိန်းတံခါး၏ အကျိုးပြုမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ရေထိန်းတံခါး၏ အကျိုးပြုဧရိယာတွင် မိုးစပါးနှင့်နွေသီးနှံ သီးထပ်စိုက်ပျိုးမည့် သီးနှံပုံစံများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ရင်းငြိမ်ရေထိန်းတံခါးသည် မွန်ပြည်နယ်ပေါင်မြို့နယ် ကျုံဟော်ရွာအထက် တစ်မိုင်ခွဲခန့်အကွာ ရင်းငြိမ်ချောင်းအနီး တည်ဆောက်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာမှာ ၃၁ ဒသမ ၂၅ စတုရန်းမိုင်ရှိပြီး ကွန်ကရစ်ရေထိန်းတံခါး အမျိုးအစားဖြစ်၍ ရေတံခါးအရွယ်အစားမှာ အကျယ် ၁၆ ပေ၊ အမြင့် ၁၆ ပေရှိ တံခါးပေါက် ၄၀ ပါဝင်သည်။ ရေခေါ်မြောင်းမကြီးမှာ အလျားပေ ၂၆၀၀ ရှိ၍ ရေထုတ်မြောင်းမကြီးမှာ အလျားပေ ၂၄၀၀ ရှိပြီး လယ်မြေဧက ၂၀၀၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ရင်းငြိမ်ရေထိန်းတံခါးတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ နွေရာသီတွင် ရေငန်ဝင်ရောက်မှုမှ တားဆီးပေးနိုင်ရန်၊ မိုးရာသီတွင် မိုးရေများကို အချိန်မီ ထုတ်ပေးရန်၊ ပြင်ပရေမြင့်တက်ချိန်တွင် ကုန်းတွင်းသို့ မဝင်ရောက်နိုင်ရေး ကာကွယ်ရန်၊ မိုးရာသီကုန်တွင် ကုန်းတွင်းပိုင်း ရေနက်ကွင်းမှရေများကို ဆောလျင်စွာ ထုတ်ပစ်နိုင်သဖြင့် စိုက်ပျိုးသီးနှံများကို အချိန်စော၍ စိုက်ပျိုးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။ (သတင်းစဉ်)

# ရွှေနိုင်ငံဂျာနယ် ထုတ်ဝေဖြန့်ချိ

## နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးသတင်းများစုံလင်စွာပါရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၂၀)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲ တက်ရောက်သည့် သတင်း၊ စန်းနီလာဝင်း၊ ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၊ မောင်ကွန်ပျူတာ၊ တက္ကသိုလ်တင်ခ၊ ရေနံ့သာမောင်ကျော်ညွန့်၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ တက္ကသိုလ်မြတ်သူ၊ ချစ်နိုင်(စိတ်ပညာ)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ဝေမှူးတင်(သုတေသန)၊ အောင်စိုး(တိ/ကုဆရာဝန်)၊ ညွန့်သစ်ဝေ(ဇေယျာ)တို့၏ သုတ၊ ရသ ဆောင်းပါးများ၊ မောင်ထည်ဝါ(ပျော်ဘွယ်)၏ ကဗျာ၊ မောင်မိဒီယာ၏ ရုပ်ဝေးမြေခြားဟာသများ၊ သန့်သီရိညွန့်၏ မြန်မာစာအုပ် အညွှန်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ (သတင်းစဉ်)



# မြန်မာပီဂျီအေနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား

## ဂေါက်သီးရိုက်ပြိုင်ပွဲတတိယနေ့ အောင်ဝင်း ဦးဆောင်




ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် (၁၀)မိုင်ကုန်းရှိ Hanthawaddy Golf and Country Club၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfersပြိုင်ပွဲ၌ စိုးကျော်နိုင် (Srixon)ကပင် ၆၈+၇၂ ပေါင်း ၁၄၀ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဌေးအောင်ဌေးက ၇၄+၇၃ ပေါင်း ၁၄၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

### တတိယနေ့

၂၀၀၆ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကို ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် (၁၀)မိုင်ကုန်းရှိ Hanthawaddy Golf and Country Club၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ ၁၈ကျင်း ပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ အောင်ဝင်း (Srixon+YCDC) က ၆၉+၇၅+၇၂ ပေါင်း ၂၁၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဆန်းဝင်း (Srixon) က ၇၃+၇၂+၇၃ ပေါင်း ၂၁၈ ချက်ဖြင့် ဒုတိယလိုက်နေပြီးမြင့်သောင်း (Bridge Stone)က ၇၇+၇၂+၇၀၊ နေလင်းထွန်း(Srixon)က ၇၄+၇၄+၇၁ နှင့် စိုးကျော်နိုင် (Srixon)က ၆၈+၇၂+၇၉ ပေါင်း ၂၁၉ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုက ၇၄+၇၈+၇၁နှင့် နိုင်နိုင်လင်းက ၇၄+၇၅+၇၄ ပေါင်း ၂၂၃ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဝင်း (သစ်တောရေးရာ)က ၇၈+၇၄+၇၃ နှင့် ဌေးအောင်ဌေးက ၇၄+၇၃+၇၈ ပေါင်း ၂၂၅ ချက်စီဖြင့် ဒုတိယလိုက်နေကြသည်။

### တာဝန်ယူ

ယင်းပြိုင်ပွဲ၏ Official Bank အဖြစ် KBZ Bank Ltd.၊ Official Golf Equipment အဖြစ် KM Golf Centre၊ Official Drinking Water အဖြစ် Imperial Jade Purified Drinking Water၊ Grand Royal Special Reserve၊ Myanmar Brewery Ltd.၊ Eden Group Co., Ltd၊ Hanthawaddy Golf and Country Club တို့က အသီးသီးပါဝင်ကူညီကြကာ Hole in One Sponsor အဖြစ် Taunggyi Gem-Master Enterprises Ltd., က ဖြစ်ပြီးဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၁ ရက် နံနက် ၈ နာရီတွင် စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)



**ရန်ကုန်တက္ကသိုလ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်က တက္ကသိုလ်များ မွှာရုံတွင်ကျင်းပရာ ကျောင်းသား၊ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာကြီး ဆရာမကြီးများထံ ကန်တော့ပစ္စည်းများပေးအပ်ကြစဉ်။** (က-ပ)

# မြစိမ်းတောင်ညိုတောရ

## ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းပင်တန်းအုပ်စု မြစိမ်းတောင်ညိုတောရကျောင်းတိုက်တွင် (၂၇) ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲနှင့် (၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၆ ရက်မှ ၁၄ ရက်အထိ ကိုးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ပြီး တပေါင်းလပြည့်နေ့(၁၃-၃-၂၀၀၆)နံနက်၈ နာရီတွင် နဂါးရုံဘုရားအား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်မည်ဖြစ်သည်။ (က-ပ)



**တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ (၉)ရပ်ကွက်နေ ဦးစိုးညွန့်-ဒေါ်ခင်ကြည် (ကြာညိုပန်း)မိသားစုက ဗဟန်းမြို့နယ်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ သံဃာတော်များ၊သီလရှင်များ၊ လူပုဂ္ဂိုလ်များအတွက် မျက်စိအတွင်းထည့်မှန် ရန်ပုံငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး) လက်ခံယူစဉ်။** (က-ပ)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ☆ ကျောဖုံးမှ

ဆက်လက်၍ မန္တလေးဘက်ခြမ်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က တံတားသံပေါင်ကြီးများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းဘက်ခြမ်းစီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက စစ်ကိုင်းဘက်ခြမ်း ချဉ်းကပ်လမ်း တည်ဆောက်နေမှု၊ မီးရထားလမ်း ဖောက်လုပ်နေသည့်အခြေအနေ၊ မီးရထားခုံးကျော်တံတား တည်ဆောက်မည့် အခြေအနေများကို တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးဘက်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာပြီး တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရေယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်ခြမ်း ချဉ်းကပ်လမ်းပေါ်မှ မြစ်လယ်ရေလယ်တိုင်နှင့် သံပေါင်တပ်ဆင်မှုလုပ်ငန်းများ၊ တံတားအောက်မှ မီးရထားလမ်း ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး–မြစ်ကြီးနား မီးရထားလမ်းကိုဖြတ်သည့် ကားလမ်းခုံးကျော်တံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်းတွင် တံတားရေလယ်သံပေါင်ကြီး သုံးခုအနက် စစ်ကိုင်းဘက်ခြမ်း ရေလယ်သံပေါင်မှာတပ်ဆင်ပြီးဖြစ်သည်။ အလယ်ရေလယ်သံပေါင်မှာ ၂၈ ခန်းအနက် ၂၅ ခန်း တပ်ဆင်ပြီးစီး၍ သုံးခန်းသာ တပ်ဆင်ရန် ကျန်ရှိသည်။

မန္တလေးဘက်ခြမ်း ရေလယ်သံပေါင်မှာ ၂၈ ခန်းအနက် ၁၇ ခန်းတပ်ဆင်ပြီးဖြစ်၍ သံပေါင်ခုံးများ တပ်ဆင်ပြီးစီးရေး အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရုံးဝင်း၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းပွဲတော် အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းမန်နေဂျာ ဦးခင်မောင်လတ်က စစ်ကိုင်းတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ဧက ငါးသိန်း စိုက်ပျိုးရေးကို စီမံချက်ချ ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးကိုင်းဖြင့် ၇၆၁၆၂ဧက၊ မျိုးစေ့ဖြင့် ဧက ၆၀ စိုက်ပျိုးခဲ့ပြီးဖြစ်သဖြင့် လျာထားချက်၏ ၄၃ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ၂၀၀၅–၂၀၀၆ ခုနှစ်တွင် လျာထားချက် ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တစ်နိုင်ငံလုံးကို ခြံစည်းရိုးကြက်ဆူပင် ဧက ခုနစ်သန်းလျာထားရာ စစ်ကိုင်းတိုင်းအနေဖြင့် ဧကငါးသိန်း သတ်မှတ်လျာထားချက် အချိန်မီပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံး မည်သည့်ဒေသတွင်မဆို ခြံစည်းရိုးကြက်ဆူပင်ကိုအောင်မြင်စွာ စိုက်ပျိုးနိုင်ကြောင်း၊ ခြံစည်းရိုးကြက်ဆူဆီဖြင့် လက်တွေ့ကျကျ အသုံးချနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ရရှိသည့် အတွေ့အကြုံများကိုယူပြီး နောင်နှစ်တွင် ပိုမိုစိုက်ပျိုးနိုင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ကြက်ဆူဆီဖြင့် တောင်သူ လယ်သမားတို့ဘဝ ထွန်းပြောင်စေရမည်ဖြစ်ကြောင်း မှာကြားသည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာမြို့ စက်မှုဇုန် သီဟထွန်းကုမ္ပဏီလီမိတက်၌ ခြံစည်းရိုး ကြက်ဆူဆီဖြင့် ဆီမီးခွက်၊ မီးဖို၊ ကြက်ဆူစေ့အခွံခွာစက်၊ ကြက်ဆူဆီညှစ်စက်၊ ကြက်ဆူဆီကြိတ်စက်၊ မီးစက်၊ တစ်လုံးထိုးအသံငြိမ်မီးစက်၊ လယ်ယာသုံး ရေတင်စက်နှင့် လက်တွန်းထွန်စက် လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်မှူးချုပ်တင်ထွန်းအောင်တို့က ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်း၊ မျိုးစေ့များထည့် စိုက်ပျိုးပေးကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းပွဲတော်တွင် ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းနှစ်သောင်း၊ မျိုးစေ့ရှစ်သောင်း စုစုပေါင်းတစ်သိန်းကို စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျောင်းသူများက စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် နယ်မြေခံ တပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းပွဲတော်သို့တက်ရောက်ပြီး တပ်အလိုက် မြေလွတ်မြေရိုင်းများတွင် တိုးချဲ့စိုက်ပျိုးသွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော် အကျိုးအတွက် စံနမူနာပြစိုက်ပျိုးသွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်ငယ်ကို ထည့်စိုက်ပျိုးပေးကြသည်။

အဆိုပါခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းပွဲတော်တွင် အပင်တစ်သိန်းကို တပ်နယ်အတွင်းရှိ တပ်မတော်သားများ၊ တပ်ရင်းတပ်ဖွဲ့ မိသားစုများက စိုက်ပျိုးပေးကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ် (စစ်ကိုင်း–ကောင်းမှုတော်)အတွင်းရှိ ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်ငါးသောင်း စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မြင်းမူမြို့နှင့် မြောင်မြို့အကြား ဧရာဝတီမြစ်ကမ်းတစ်လျှောက် နှမ်းစပါး စိုက်ပျိုးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြင်းမူမြို့နယ် ကွဲရိုက်လျှပ်စစ် မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ စစ်ကိုင်းတိုင်း ဦးစီးမှူး ဦးလှမင်းက လျှပ်စစ်မြစ်ရေတင် လုပ်ငန်းခြောက်ခုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်ကြားရှိ ဧရာဝတီ တာပတ်လမ်းတစ်လျှောက်၌ မိုးစပါး၊နွေစပါးစိုက်ပျိုးမှုဖြင့် ထာဝစဉ် စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးသွားကြရန် ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ကွဲရိုက်လျှပ်စစ် မြစ်ရေတင်လုပ်ငန်း၏ ရေပေးဝေမှုမြောင်းလက်တက်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်ကြား ဧရာဝတီတာပတ်လမ်းဘေးဝဲယာ၌ လက္ကပင်လျှပ်စစ် မြစ်ရေတင်လုပ်ငန်း ရေပေးဝေမှုဖြင့် နွေစပါးများ စိုက်ပျိုးထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ဧရာဝတီ တာပတ်လမ်းပေါ်တွင် လက္ကပင်ကျေးရွာ တောင်သူဦးကြီးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တောင်သူဦးကြီးများအား မိုးစပါး၊နွေစပါး စိုက်ပျိုးခြင်းအပြင် အကျိုးဖြစ်ထွန်းသော ခြံစည်းရိုး ကြက်ဆူပင်များ မြေလပ်မကျန် စိုက်ပျိုးကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြောင်မြို့နယ် ဆင်ဂေါင်းတောင်ဒေသ ကျောက်နဂါး ရေလှောင်တမံသို့ ရောက်ရှိရာ စစ်ကိုင်းခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးမျိုးညွန့်က ကျောက်နဂါး ရေလှောင်တမံ၌ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးမှုအခြေအနေကိုတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ဆင်ဂေါင်းတောင်ဒေသ ကျောက်နဂါး ရေလှောင်တမံကုန်း၌ မြောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၏ ကြက်ဆူ အစေ့ချပျိုးပင် ၁၃၄၀၊ ကိုင်းပျိုးပင် ၁၃၄ နှင့် ကျောက်နဂါးကုန်း ဂေါပကအဖွဲ့ဝင် ဦးဟန်တင်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်နှင့် လာမည့်မိုးရာသီတွင် စိုက်ပျိုးမည့်ပျိုးပင်ပေါင်း သုံးသောင်းအတွက် တစ်ပေပတ်လည် တွင်း ၁၂၆၀၀ တူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံး (က) လုပ်ငန်းအဆင့်(ချင်းပြည်နယ်/စစ်ကိုင်းတိုင်း)မုံရွာမြို့၏ ကြက်ဆူအစေ့ချ ပျိုးခင်း ပျိုးပင် ၁၀၀၀၀နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနိုင်သည့် ကျောက်နဂါးကုန်းဝဲ/ယာရှိ မြေလွတ်မြေရိုင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မုံရွာမြို့စက်မှုဇုန်သို့ ရောက်ရှိပြီး သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ ချင်းတွင်းရတနာခန်းမ၌ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်ပွဲတော်ကို တက်ရောက်အားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီအဖြစ် သုံးစွဲနိုင်သည်သာမက ကြိတ်ဖတ်ကိုလည်း သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်သဖြင့် စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုမှာဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် စက်မှုလုပ်ငန်းတိုးတက်ရေးကို ပါဝင်ဆောင်ရွက်သကဲ့သို့ တစ်ဖက်တွင်လည်း ခြံစည်းရိုးကြက်ဆူပင် ပါဝင်စိုက်ပျိုးလာသဖြင့် နိုင်ငံတော်အတွက် အကျိုးများမှာဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းရှင်များ ခြံစည်းရိုးကြက်ဆူဆီထုတ်လုပ်သည့် စွမ်းအားပြည့် ကြိတ်စက်များ တီထွင်ထုတ်လုပ်သွားရန် တိုက်တွန်းမှာကြားပြီး သီဟထွန်းကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်တွင် မျိုးကိုင်းထည့်စိုက်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ခြံစည်းရိုးကြက်ဆူဆီဖြင့် ဆီမီးခွက်၊ မီးဖို၊ ကြက်ဆူစေ့ အခွံခွာစက်၊ ကြက်ဆူဆီညှစ်စက်၊ ကြက်ဆူဆီကြိတ်စက်၊ မီးစက်၊ တစ်လုံးထိုးအသံငြိမ်မီးစက်၊ လယ်ယာသုံးရေတင်စက်၊ လက်တွန်းထွန်စက်၊ စက်မှုဇုန်ထုတ်ဂျစ်ကားများ၊ လေးဘီးထွန်စက်များ လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးပြီး မုံရွာစက်မှုဇုန်မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

(1-3)12.P65 1 1/3/32, 5:35 AM

# ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

## မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေးပွဲ ဆောက်လုပ်ရေးနှင့်စွန်ရဲတို့ အနိုင်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးအသင်းနှင့် စွန်ရဲအသင်းတို့ အနိုင်ရရှိသွားကြသည်။

အမှတ်ပေးပွဲ မပြီးဆုံးသေးသော်လည်း လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းက ၁၃၊ ၃၇မှတ်ဖြင့် အမှတ်ပေးချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်သွားပြီး လေးနှစ် ဆက်တိုက်ပထမ ရရှိသွားသည်။ စီးပွား/ကူးသန်းက ကိုးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ၃၉ ဂိုးသွင်း၊ ၁၂ ဂိုးပေး အမှတ် ၃၀ ဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ ဆောက်လုပ်ရေးအသင်းက ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံး၊ ကိုးဂိုးသွင်း ၁၁ဂိုးပေး၊ ၁၈မှတ်ဖြင့် သတ္တမနေရာတွင်လည်းကောင်း ရောက်ရှိနေသည်။



စီးပွား/ကူးသန်း တိုက်စစ်မှူး ကျော်ဇင်ဝင်း၏ ထိုးဖောက်မှုကို ဆောက်လုပ်ရေးနောက်ခံလူ ဇော်မျိုးမင်း ဤသို့ အသည်းအသန်ဖျက်ထုတ်ခဲ့ရသည်။
(ကြေးမုံ)

### သုဝဏ္ဏကွင်း

**ဆောက်လုပ်ရေးအသင်း တစ်ဂိုး**
(ထွန်းလင်းအောင်)
**စီးပွား/ကူးသန်းအသင်း ဂိုးမရှိ**
**ဒိုင်လူကြီး ဦးဝင်းချို**

ဆောက်လုပ်ရေးအသင်းက ဒုတိယနေရာမှ စီးပွား/ကူးသန်း အသင်းကို အနိုင်ကစားလိုက်၍ အမှတ်ပေးဇယားတွင် ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းမှာ နှစ်ပွဲကျန်သေးသော်လည်း ခုနစ်မှတ်အသာဖြင့် အမှတ်ပေးချန်ပီယံ ဖြစ်သွားပြီဖြစ်သည်။

ပို့ဆောင်ရေးကို အနိုင်ရရှိလိုက်၍ စိတ်ဓာတ်ရော ကစားအားပါ တက်လာသည့် ဆောက်လုပ်ရေးအသင်းမှာ စီးပွား/ကူးသန်းအသင်းကို ခြေစွမ်းပြ၍ အနိုင်ကစားသွားသည့်။ စီးပွား/ကူးသန်းအသင်းတွင် ပွဲပယ်ခံထားရသော မျိုးမင်းထွန်းနှင့် ဒဏ်ရာကြောင့် နားနေသော ဘိုဘိုအောင်တို့ မပါဝင်၍ တိုက်စစ်အားပျော့ခဲ့ပြီး ကျစ်ကျစ်လျစ်လျစ် ဖျက်ထုတ်နေသော ဆောက်လုပ်ရေး ခံစစ်ကြောင်းကို မထိုးဖောက်နိုင်ခဲ့၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

### အောင်ဆန်းကွင်း

**စွန်ရဲ နှစ်ဂိုး**
**ကာကွယ်ရေး တစ်ဂိုး**

စွန်ရဲအသင်းမှာ လေးပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံး၊ ၁၅ ဂိုးသွင်း၊ ၁၇ ဂိုးပေး၊ ၁၆မှတ်ဖြင့် အဆင့် (၁၁) တွင်လည်းကောင်း၊ ကာကွယ်ရေးအသင်းမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲရှုံး၊ ကိုးဂိုးသွင်း၊ ၁၉ ဂိုးပေး၊ ၁၀ မှတ်ဖြင့် အဆင့် (၁၂)တွင် လည်းကောင်း ဆက်လက်ရပ်တည်နေသည်။

### ယနေ့ပွဲ

ညနေ ၃နာရီခွဲ
**(အောင်ဆန်းကွင်း)**
တံခွန်နှင့် ရထားပို့ဆောင်ရေး
**(သုဝဏ္ဏကွင်း)**
လယ်ယာထွက်ကုန်နှင့်
တပ်မတော်ကြည်း(က)
(ကြေးမုံ)



ဖေဖော်ဝါရီ ၁၈ ရက်က ဘရာဇီး နိုင်ငံ ဘရာစီလီယာမြို့၌ ကျင်းပသော ဘောလုံးသရုပ်ပြပွဲ တွင် ဘရာဇီး အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် အာဂျင်တီးနားအသင်းမှ မာရာဒိုနာအား ဆုဖလားနှင့် အတူ တွေ့ရစဉ်။
*(ဓာတ်ပုံ– အင်တာနက်)*

## ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဘရာဇီးအသင်း ရေပန်းစားဖွယ်

**ဘရာစီလီယာ ဖေဖော်ဝါရီ ၂၈**

ဂျာမနီနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအသင်းသည် ရေပန်းအစားဆုံး အသင်းတစ်သင်းဖြစ်လိမ့်မည်ဖြစ်ကြောင်း အာဂျင်တီးနားလူမျိုး လက်ရွေးစင်ဟောင်း ဒီယေဂိုမာရာဒိုနာက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့တွင် ကျင်းပလျက်ရှိသော ကာနီဗယ်ပွဲတော်ဆင်နွှဲရန် ဘရာစီလီယာမြို့သို့ ရောက်ရှိနေစဉ် ဒေသဆိုင်ရာ သတင်းဌာန၏ လူတွေ့မေးမြန်းခန်းတွင် မာရာဒိုနာက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားသည့် အသင်းတစ်သင်းဖြစ်ကြောင်း၊ ဘရာဇီးအသင်းတွင် ထိပ်တန်းနည်းပြဆရာတစ်ဦးရှိပြီး ယင်းအသင်း၏ ဘောလုံးသမားများမှာလည်း ပွဲတိုင်းအနိုင် ကစားလိုသူများဖြစ်ကြကြောင်း မာရာဒိုနာက သုံးသပ်ပြောကြားသည်။

### အခွင့်အလမ်းရှိ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းမှာလည်း အောင်ပွဲခံနိုင်ရန် အခွင့်အလမ်းရှိနိုင်ကြောင်း၊ သို့ရာတွင် လောလောဆယ် အနေအထားအရ ဘရာဇီးအသင်းက ပိုမိုရေပန်းစားနိုင်ကြောင်း မာရာဒိုနာက ပြောကြားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၉ရက်တွင် စတင်မည်ဖြစ်သည်။ ဘရာဇီးအသင်းသည် အုပ်စု (စ)တွင် ခရိုအေးရှား၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့နှင့်အတူ ပါဝင်ပြီး အာဂျင်တီးနားအသင်းမှာမူ အုပ်စု(ဂ)တွင် နယ်သာလန်၊ ဆာဘီးယား–မွန်တီနီဂရိုးနှင့် အိုင်ဗရီကို့စ်တို့နှင့် အတူပါဝင်သည်။
***အမ်အင်အေ၊ဆင်ဟွာ။***



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ဘရာဇီးဘောလုံးအသင်းအတွက် လှုံ့ဆော်နိုင်ရန် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ ရောက်ရှိနေသော ဘရာဇီးဘောလုံးလက်ရွေးစင်ဟောင်းပီလီအား ကလေးများနှင့်အတူ ဖေဖော်ဝါရီ ၂၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

## ရောမမြို့ခံ ပြိုင်ဘက်နှစ်သင်း ယှဉ်ပြိုင် ရိုးမားအသင်း အောင်ပွဲခံမှုစံချိန်တင်

**ရောမ ဖေဖော်ဝါရီ ၂၈**

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲကို တနင်္ဂနွေနေ့ကကျင်းပရာ မြို့ခံပြိုင်ဘက် အသင်းနှစ်သင်းဖြစ်သည့် အေအက်စ်ရိုးမားအသင်းနှင့် လာဇီယိုတို့၏ပွဲတွင် ရိုးမားအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရိုးမားအသင်းသည် ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် စီးရီးအေသမိုင်းတွင် ၁၁ ပွဲဆက်တိုက် အောင်ပွဲခံသည့် စံချိန်ကို စိုက်ထူနိုင်သည်။

မိမိ၏ ဘောလုံးအသင်းနည်းပြ ဘဝတာတွင် ဤအောင်မြင်မှုသည် အကြီးကျယ်ဆုံးသော အောင်မြင်မှုပင်ဖြစ်ကြောင်း ရိုးမားအသင်း၏ နည်းပြဆရာ လူစီယာနိုစပယ်လက်တီက ပြောကြားသည်။

လာဇီယိုအသင်းသည် အလွန်စိတ်ဓာတ်ကြံ့ခိုင်သည့် ပြိုင်ဘက်အသင်းတစ်သင်းဖြစ်ကြောင်း စပယ်လက်တီက ပြောကြားသည်။

လာဇီယိုအသင်းကို အနိုင်ရရှိခဲ့သည့် ရိုးမားအသင်းတွင် အသင်းခေါင်းဆောင် တော့တီ ပါဝင်ကစားနိုင်ခြင်းမရှိပေ။ ၎င်းသည် ထိခိုက်ဒဏ်ရာရရှိထားခြင်းကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိသော်လည်း ဘောလုံးပွဲကို စောင့်ကြည့်နေခဲ့သည်။ တော့တီသည် လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်က အမ်ပိုလီအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲတွင် ခြေချင်းဝတ်အရိုးအက်သည့် ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***



ဖေဖော်ဝါရီ ၂၆ရက်က အီတလီနိုင်ငံ ရောမမြို့ရှိ အိုလံပစ်အားကစားကွင်းတွင်ကျင်းပသည့် စီးရီးအေဘောလုံးပြိုင်ပွဲ၌ လာဇီယိုအသင်းနှင့် အေအက်စ်ရိုးမားအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။
*(ဓာတ်ပုံ–အင်တာနက်)*

## ရော်နယ်လ်ဒင်ဟို ဒဏ်ရာဟောင်းပြန်ပေါ် ဘရာဇီးအသင်းတွင် ပါဝင်ကစားရန် မရေရာ

**မဒရစ် ဖေဖော်ဝါရီ ၂၈**



ဘာစီလိုနာအသင်းမှ ရှေ့တန်းတိုက်စစ်မှူး ရော်နယ်ဒင်ဟို **(ယာပုံ)** သည် ဒဏ်ရာဟောင်းဝေဒနာ ပြန်လည်ခံစားလာရသဖြင့် ဗုဒ္ဓဟူးနေ့တွင် ရုရှားနိုင်ငံအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးပွဲ၌ ဘရာဇီးအသင်းအတွက် ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း ဘာစီလိုနာအသင်းက အင်တာနက်မှတစ်ဆင့် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ပြီးခဲ့သည့် စနေနေ့က ကျင်းပသော လာလီဂါဘောလုံးပြိုင်ပွဲတွင် ဘာစီလိုနာ အသင်း၏ ရှေ့တန်းကစားသမား ရော်နယ်လ်ဒင်ဟိုသည် ရီးယဲဇာရာဂိုဇာအသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲ၌ ၎င်း၏ လက်ဝဲဘက် ခြေသလုံးကြွက်သား ထိခိုက်သည့်ဒဏ်ရာရရှိခဲ့သည်။

ဘာစီလိုနာအသင်းနှင့် ဘရာဇီးဘောလုံးအဖွဲ့ချုပ် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ ဆွေးနွေးမှုရလဒ်အပေါ်မူတည်၍ အမျိုးသားဘောလုံးအသင်းတွင် ရော်နယ်လ်ဒင်ဟို ပါဝင်နိုင်၊ မပါဝင်နိုင်အချက်ကို ဆုံးဖြတ်ပေးမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်း၏ ကြေညာချက်တွင်ဖော်ပြသည်။
***အမ်အင်အေ၊ဆင်ဟွာ။***

## ကျိုက်လတ်မြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ် ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ရောဝတီတိုင်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ အသင်းမဝင်ရသေးသော မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် အသက် (၇၅) နှစ်နှင့်အထက် အသင်းဝင် အပူဇော်ခံဘိုး၊ ဘွားစာရင်း၊ ၂၀၀၃–၂၀၀၄၊ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင် သားသမီးများစာရင်းကို မတ် ၁၀ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး အသင်းရုံး ဖုန်း–၅၀၁၅၁၈ သို့ ပေးပို့ရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးမောင်ညိမ်း (ငြိမ်း) ဖုန်း–၆၆၇၁၃၂၊ဗိုလ်ကြီးသိန်းလွင်(ငြိမ်း) ဖုန်း–၂၅၁၂၇၅၊ ဒုရဲမှူးကြီးကျော်ရင် (ငြိမ်း) ဖုန်း–၅၆၀၅၂၀၊ ဦးအေးနိုင် ဖုန်း–၅၄၂၀၀၉၊ ဦးစိုးဝင်း ဖုန်း–၂၂၇၂၉၂၊ ဒေါ်သိန်းသိန်းဇော် ဖုန်း–၅၅၅၆၇၀ ဒေါ်မြင့်မြင့် ဖုန်း–၆၉၉၄၇၀၊ ဒေါ်သန်းသန်းအေး ဖုန်း–၃၇၇၅၆၆၊ ဒေါ်မိမိ ဖုန်း–၅၁၃၄၁၃ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။
(က–ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီတံတား (ရတနာပုံ) စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် ခြစည်းရိုးကြက်ဆူပင်ပျိုးခင်းပွဲတော်တက်ရောက်အားပေး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ရေပေးဝေမှုနှင့် နွေစပါးစိုက်ပျိုးထားမှုအခြေအနေများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

**မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ရက် နံနက် ၇နာရီ မိနစ် ၃၀က နန်းမြို့ ဧည့်ရိပ်သာမှ ထွက်ခွာလာရာ နံနက် ၇ နာရီ ၃၅မိနစ်တွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး နှလုံးကုသဆောင်တွင် ဆေးဝါးကုသရန် တက်ရောက်လျက်ရှိသော သက်တော်(၈၄)နှစ်၊ ဝါတော်(၆၄)ဝါရှိ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် (ပင်မ)နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသာမီဘိဝံသအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားသည်။**

**ကြိုဆို**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် နံနက် ၈နာရီ ၅မိနစ်တွင် ဧရာဝတီတံတား (ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ခြမ်းသို့ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သာအေး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ☆

## ဆူးလေစေတီတော် ရွှေသင်္ကန်းကပ်လှူရေးတွင် အနုပညာရှင်များပါဝင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ဆူးလေ စေတီတော်မြတ်ကြီး ရွှေပြား ရွှေသင်္ကန်း ကပ်လှူရေးတွင် အနုပညာရှင်များက ပါဝင်၍ ကုသိုလ်ယူ နိုးဆော်မည် ဖြစ်သည်။ မတ် ၄ ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ၅နာရီအထိ ဆူးလေစေတီတော်ရှိမုခ်လေးမုခ်နှင့် ရင်ပြင်တော်ပေါ်၌ အနုပညာရှင်များသည် အလှူငွေလာရောက်လှူဒါန်း လိုသူများ၊ ဘုရားဖူး ပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းရာတွင် ပြေစာများပေါ်၌ အမှတ်တရ လက်မှတ်ရေးထိုးပေး ကုသိုလ်ယူကြမည် ဖြစ်သည်။ (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဒေသခံပြည်သူများ ရင်းငြိမ်ရေထိန်းတံခါးကို ကြည့်ရှုကြစဉ်။**
(သတင်းစဉ်)

# မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်ရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနား ကျင်းပ စိုက်ပျိုးသီးနှံများကို အချိန်စော၍ စိုက်ပျိုးနိုင်ရန် ရည်ရွယ်တည်ဆောက်ထား စိုက်ဧက ၂၀၀၀၀ ကျော် မိုးရာသီရေမြုပ်ခြင်းနှင့် နွေရာသီရေငန်ဝင်ခြင်း ကာကွယ်နိုင်



ရန်ကုန် ဖေဖော်ဝါရီ ၂၈

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၆)က မွန်ပြည်နယ် ပေါင်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ရင်းငြိမ်ရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါ ရေထိန်းတံခါးအနီးရှိ မဏ္ဍလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ အမှာစကားပြောကြားပြီး ရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

**တက်ရောက်**

အဆိုပါ ရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ တပ်မတော်အရာရှိကြီးများ၊မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မွန်၊ ပအိုဝ်း၊ ကရင်တိုင်းရင်းသားရိုးရာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

**မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ရင်းငြိမ်ရေထိန်းတံခါးကို တွေ့ရစဉ်။**
(သတင်းစဉ်)

